မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၁၈)

ခိုင်မာသော မျိုးချစ်စိတ်ဓာတ်

❀ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။

❀ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် ခိုင်မာသော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေး(၂/၂၀၀၆)တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ကျောက်မျက်၊ ကျောက်စိမ်းဈေးကွက် တိုးတက်ဖွံ့ဖြိုးနေပြီး အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများ မိမိတို့နိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲများကို စိတ်ဝင်စားအာရုံစူးစိုက်လာ ကျောက်မျက်ရတနာထုတ်လုပ်မှုနှင့် ရောင်းချမှု ဟန်ချက်ညီညီဆောင်ရွက် ထိုက်တန်သည့်တန်ဖိုးရရှိရန်နှင့် မြန်မြန်ဆန်ဆန်ရောင်းချနိုင်ရန် စီစဉ်ပေးမည်

ရန်ကုန် မေ ၈

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ အစည်းအဝေး(၂/၂၀၀၆)ကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီဝင်များနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း

သတင်းဆောင်းပါး၊ အင်တာနက်သတင်း နှင့် ဓာတ်ပုံအညွှန်း

ထိုင်းနိုင်ငံ၌ ပထမအကြိမ် မြန်မာရုပ်ရှင်ပွဲတော် ကျင်းပမည်

မောင်မောင်မြင့်သွေး၏ သတင်းဆောင်းပါး (စာ-၇)



တိုက်တန်းနစ် နစ်စဉ်က နောက်ဆုံးကျန်ရစ်သူ အမေရိကန်သူ အသက် ၉၉ နှစ်ရှိ မီးစ်အက်စပလန် စနေနေ့က ကွယ်လွန်

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၉ ရက်)

ဇီဝလောင်စာဆီထုတ်ယူနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အမျိုးသားရေးတာဝန်အဖြစ်ပါဝင်ကြိုးပမ်းဆောင်ရွက်

ယနေ့ကမ္ဘာတွင် ရေနံဈေးနှုန်းသည် တစ်ရှိန်ထိုး တိုးတက်မြင့်မားလာလျက်ရှိသည်။ စက်မှုနိုင်ငံကြီးများတွင် မကြာမီ လောင်စာပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည်။

မြန်မာနိုင်ငံသည်လည်း လောင်စာဆီကို ပြည်ပမှ မှာယူတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ မြောက်မြားစွာ ကုန်ကျလျက်ရှိသည်။ လောင်စာဆီပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းရှာကြံခဲ့ရာ ခြံစည်းရိုး ကြက်ဆူပင်၏အစေ့မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိခဲ့ရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်နယ်၊ တိုင်းအသီးသီးတွင် သုံးနှစ်အတွင်း ခြံစည်းရိုး ကြက်ဆူပင် ဧကေ၁ါးသိန်းစီစိုက်ပျိုးရန် လမ်းညွှန်ချက် ချမှတ်ပေးခဲ့သည်။

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်ကို လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုး ကြက်ဆူပင်စံပြ ဧက၁၀၀စိုက်ခင်းတွင် ဧပြီလ ၂၈ရက်နေ့က လည်းကောင်း၊ အမှတ်(၃) ကုန်းမြင့်ယာမြေ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀၀ စိုက်ခင်းတွင် မေလ ၂ ရက်နေ့က လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် သုတေသန ကြက်ဆူပျိုးဥယျာဉ်တွင် မေလ ၅ရက်နေ့ကလည်းကောင်း ကျင်းပခဲ့သည်။

လားရှိုးမြို့ရှိ အမှတ်(၃)ကုန်းမြင့်ယာမြေ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်၏ ခြံစည်းရိုးကြက်ဆူပင် စံပြဧက ၁၀၀၀ စိုက်ခင်းတွင် စက်ယန္တရားအင်အားများ၊ လူအင်အားများဖြင့် မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ ခြံစည်းရိုးကြက်ဆူပင် ၁၄၅ဧက စိုက်ပျိုးပြီးဖြစ်သည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင် မျိုးသန့်မျိုးပွားစိုက်ခင်းများမှ မျိုးသန့်မျိုးစေ့များ၊ ပျိုးပင်များ၊ မျိုးကိုင်းပင်များနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနည်းပညာများကို ဒေသခံတောင်သူများ၊ လုပ်ငန်းရှင်များသို့ အခမဲ့ အလုံအလောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် မျိုးသန့်စိုက်ခင်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

စံပြဧက ၁၀၀ စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်စံပြပျိုးခင်း၌ တိုက်ရိုက် အစေ့ချစနစ်ဖြင့် စနစ်တကျ ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူ ပျိုးပင်သုံးသိန်းခြောက်သောင်းနှင့် တိုက်ရိုက်ကိုင်းထိုးစနစ်ဖြင့် စနစ်တကျ ပျိုးထောင်စိုက်ပျိုးထားသော မျိုးကိုင်းပင် တစ်သိန်းနှစ်သောင်းသည် မြေချစိုက်ပျိုးရန် အသင့်ဖြစ်နေပြီး ဖြစ်ထွန်းအောင်မြင်နေသည်။

မိုးဦးကျစိုက်ပျိုးရာသီတွင် သက်တမ်းမလွန်မီ အချိန်မီမြေချစိုက်ပျိုးရေး၊ စိုက်ဧကများ သတ်မှတ်လျာထားချက် ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးရေးနှင့် ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူအသီးသီးက အင်တိုက်အားတိုက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် စီမံကိန်းအရ ခြံစည်းရိုးကြက်ဆူပင် ဧက ငါးသိန်းစိုက်ပျိုးရန် လျာထားပြီး ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ပုဂ္ဂလိကကုမ္ပဏီများသည် ခြံစည်းရိုး ကြက်ဆူပင် ဧကပေါင်း ၂၁၈၂၁၃သမ ၇၂ဧကစိုက်ပျိုးပြီးစီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။ အစေ့ချစိုက်သည့်ဧကမှာ ဧက၁၄၀၊ ကိုင်းထိုးစိုက်ပျိုးသည့်ဧကမှာ ၂၁၆၈၁ဒသမ ၇၂ ဧကဖြစ်သည်။

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်း၍ အသီးများစတင်သီးနေပြီဖြစ်ရာ ဇွန်လတွင် ပထမအသုတ် အသီးများကို ဆွတ်ခူးရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ကြက်ဆူသီးများ ဆွတ်ခူးပြီးသည်နှင့် ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ပုဂ္ဂလိက ကုမ္ပဏီများသို့ မျိုးစေ့များဖြန့်ဝေသွားမည့်အပြင် ကြက်ဆူဆီ(ဇီဝလောင်စာဆီ)များ ထုတ်လုပ်ကာ ဒေသတွင်းရှိ လယ်ယာသုံးယာဉ်များတွင် ဒီဇယ်ဆီ အစားထိုးဆီအဖြစ် စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေသည့် ဒီဇယ်ဆီအစားထိုး ကြက်ဆူဆီ (ဇီဝလောင်စာဆီ) ထုတ်ယူရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူတစ်ရပ်လုံးက ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီ ရုပ်မြင်သံကြား

၉-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၃၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၁၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း-၂၄)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၂၇)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေ ၁ ရက်က ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာ တိုက်(၂၉) အခန်း(၁၁) နေသူ ဦးဖုံရင် အားရည်စူး၍ မိခင်ကြီး ဒေါ်ခင်ဆွေနှင့် မိသားစုတို့က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေကွက်သစ် ဝယ်ယူရန် အတွက် အလှူတော်ငွေ အက်ဖ်အီးစီ ၂၀၀ကို ရန်ကုန်မြို့ ကျောင်းလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း၌ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင် သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ရွှေတိဂုံပုံတော်တူ ကမ္ဘာ့ဝိပဿနာလိုဏ်ဂူစေတီတော်အတွက်

ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် မေ ၈

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ထားလျက်ရှိသည့် ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓဝိပဿနာလိုဏ်ဂူစေတီတော်ကြီးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက အမျိုးသားပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်သည်။

အစီအစဉ်အရ ယဉ်ကျေးမှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ရွှေတိဂုံစေတီတော်ကြီး၏ ပုံတော်တူ ကမ္ဘာ့ဗုဒ္ဓဝိပဿနာ လိုဏ်ဂူစေတီတော်ကြီးအတွက် အလှူငွေပေးအပ်လှူဒါန်းရ ခြင်းအကြောင်းကို အကျဉ်းချုပ် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကမ္ဘာ့ဗုဒ္ဓဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ၏အဖွဲ့မှ တရားပြဆရာကြီး ဦးသောင်းဖေက စေတီတော်ကြီး၏ အကြောင်းကို ရှင်းလင်း ပြောကြားသည်။ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေး မိသားစု**(အပေါ်ပုံ)**က အလှူငွေကျပ်ဆယ်သိန်းကို ပေးအပ်လှူဒါန်းရာ ဗန္ဓုလ ဦးရွှေနှင့် တရားပြဆရာကြီး ဦးသောင်းဖေတို့က လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဇနီးဒေါ်မြင့်မြင့်ဝေ မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ ယဉ်ကျေးမှု ဗိမာန် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ ဇနီးဒေါ်သွင်ချိုအေးမိသားစု၊ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ဝင်းနှင့် ဝန်ထမ်းမိသားစု၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်း၊ ဇနီး ဒေါ်ခင်ရဲမြင့် မိသားစု၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့်ဝန်ထမ်းများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်းနှင့်ဝန်ထမ်းများ၊ အနုပညာ ဦးစီးဌာန(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးဝင်းမော်သိန်းမိသားစု၊ ဦးနိုင်ဦး ဇနီးဒေါ်သီတာတင် မိသားစုတို့က အလှူငွေကျပ်ငါးသောင်းစီ၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ရုံး မိသားစု၊ ယဉ်ကျေးမှု ဝန်ကြီးဌာနအဖွဲ့ခွဲမှူး ဦးမင်းကြည်စိန်နှင့်ဇနီးတို့က အလှူငွေကျပ် သုံးသောင်းစီ၊ ဒေါ်ခင်စိုးမြင့်မိသားစု၊ ဦးကျော်ဆွေ မိသားစု၊ ဦးမျိုးညွှန့်မိသားစု၊ ဦးဇော်ဝင်း မိသားစုတို့က အလှူငွေကျပ် တစ်သောင်းစီ၊ ဦးကျော်သီဟ မိသားစုနှင့် ဦးမင်းအေးကိုမိသားစုတို့က အလှူငွေကျပ် ငါးထောင်စီ အပါအဝင် အလှူရှင်စုစုပေါင်း ၂၀၏ အလှူငွေမှာ ငွေကျပ် နှစ်ဆယ့်တစ်သိန်းခြောက်သောင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်၏ ရည်မှန်းချက် တာဝန်များ၊ စီမံကိန်းများ အောင်မြင်အောင်ကြိုးပမ်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပြည့်အဝမဖြစ်မနေလုပ်ဆောင်

ဝိသမလောဘသားများ၏ ကောလာဟလနှင့် လှုန့်လုံးများ မယုံကြည်ဘဲ မှန်မှန်ကန်ကန် သုံးသပ်

ရန်ကုန် မေ ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ရှိ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိ၍ အဆိုပါဦးစီးဌာနခန်းမ၌ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။ (ယာပုံ)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် တောင်ငူ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖြည့်ဆည်း

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ဝန်ထမ်းများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ယခုအချိန်အခါတွင် ဝန်ထမ်းများ အနေဖြင့် မိမိတို့၏ဌာနများအတွက် သတ်မှတ်ထားသော လုပ်ငန်းများ၊ နိုင်ငံတော်၏ရည်မှန်းချက် တာဝန်များ၊ စီမံကိန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့အပြင် တာဝန်ကျေပွန်အောင်လည်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ တာဝန်ကျေပွန်အောင် ဆိုရာတွင် ပုံမှန်လုပ်ရိုးလုပ်စဉ်ဖြင့် တာဝန်ကျေပွန်သည်ဟု မသတ်မှတ်ကြောင်း၊ လုပ်စရာများ မကျန်တော့အောင် ဆောင်ရွက်မှသာ တာဝန်ကျေပွန်သည်ဟု သတ်မှတ်ပါကြောင်း၊ သို့ပါ၍ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ ဌာနအလိုက်ဖြစ်စေ ထိုကဲ့သို့ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မှန်မှန်ကန်ကန်သုံးသပ်

ထို့အပြင် ဝန်ထမ်းများအနေဖြင့် ဖြိုးခြံရွှေတာရေး၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ဟူသော မြန်မာဆိုရိုးစကားနှင့်အညီ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးတို့ကို အပြည့်အဝ မဖြစ်မနေ လုပ်ဆောင်ကြရန်လိုကြောင်း၊ ဝိသမလောဘသားများက ထုတ်လွှင့်သည့် ကောလာဟလများ၊ လှုန့်လုံးများကို မယုံကြည်ဘဲ၊ အစိုးရိမ်မကြီးဘဲ မှန်မှန်ကန်ကန် သုံးသပ်ဆောင်ရွက်ကြရန်လည်း အရေးကြီးကြောင်း။

ပူးပေါင်း

၎င်းအပြင် ယခုအခါပြည်တွင်း ပြည်ပ အဖျက်သမားများက နိုင်ငံတော်အား သုံးဖက်သုံးတန် ညှပ်တိုက်နေခြင်းများကို ပြည်သူ့သဘောထား လေးရပ်နှင့်အညီ ချေမှုန်းတိုက်ဖျက်ပြီး နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးကို ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသွားသည်။

စိုက်ပျိုးဆောင်ရွက်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် တောင်ငူမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများနှင့် စက်ရုံအတွင်း မြေလွတ် မြေရိုင်းများ၌ ဟင်းသီးဟင်းရွက်၊ သီးပင်စားပင်များ စိုက်ပျိုးဆောင်ရွက်ရန် မှာကြားသွားသည်။ **(သတင်းစဉ်)**

ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ကျောင်းလွှတ်ပူဇာသဘင် ကျင်းပမည်

ရန်ကုန် မေ ၈

သထုံမြို့ မြစိမ်းကျောင်းတိုက် ပဓာန နာယက ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ ဒါယိကာမများက သထုံမြို့ နေမိန္ဒရတောင်ခြေရှိ ရွှေပါရမီမြစိမ်းကျောင်းတိုက်ကြီးအား ပရိယတ္တိသာသနာပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးမြို့ သာမဏေကျော် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ ဝိစက္ခဏာလင်္ကာရာဘိဝံသအား လွှဲပြောင်းလှူဒါန်းမည်ဖြစ်ပါသဖြင့် မေ၁၁ရက်(ကဆုန်လပြည့်နေ့) နံနက်၉နာရီတွင် ရွှေပါရမီမြစိမ်း သာမဏေကျော် ပရိယတ္တိစာသင်တိုက် နေမိန္ဒရတောင်ခြေ သထုံမြို့တွင် ကျင်းပမည်ဖြစ်ပြီး ည ၇နာရီတွင် တိပိဋကရေမွှာဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ယောဆရာတော်က နိဗ္ဗာန် ရောက်ကြောင်း တရားတော်ကို ချီးမြှင့်တော်မူမည်ဖြစ်ရာ တပည့် ဒါယကာ၊ ဒါယိကာမအားလုံး ကုသိုလ်ယူကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်တန်းဆရာများအရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (၂၀၀၆)ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၈

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ နိုင်ငံဝန်ထမ်းသင်တန်းဆရာများအတွက် အာဆီယံလူ့စွမ်းအားဗဟိုဌာန၏ လမ်းညွှန်မှုအရ သင်တန်းဆရာများ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးညွန့်ဆွေနှင့် ဦးလှမြင့်ဦး၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ကော်မတီဝင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ပါမောက္ခချုပ်ဦးဝင်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်ဆွေက အလုပ်ရုံဆွေးနွေးပွဲ၏ မျှော်မှန်းချက်နှင့် ဆွေးနွေးပွဲသို့ တက်ရောက်ကြသူများအနေဖြင့် ထားရှိရမည့် သဘောထားတို့ကို မှာကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ၁၀ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ အရာထမ်း၇၀တို့ တက်ရောက်ကြကာ လေ့ကျင့်သင်ကြားရေးနှင့် သက်ဆိုင်သော စာတမ်းသုံးစောင်ကို ဖတ်ကြားဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပူပိုင်းဒေသတောင်တန်းစိုက်ခင်းများ ညွှန်ချုပ်စစ်ဆေး

ရန်ကုန် မေ ၈

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မကွေးတိုင်း ချောက်မြို့နယ်ရှိ ရွှေပုံတောင် တမာစိုက်ခင်းရှင်သန်အောင်မြင်မှု အခြေအနေကို လည်းကောင်း၊ မန္တလေးတိုင်း ညောင်ဦးခရိုင် တုရင်တောင်၌ ကွန်တိုလိုင်းများဖြင့် တောင်စောင်းများ၌ ကျောက်စီ၍ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ မန္တလေးတိုင်း တောင်သာမြို့နယ် မြင်စိုင်းတောင်နှင့် တောင်သာတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လည်းကောင်း၊ မြင်းခြံမြို့နယ် ကုက္ကဲတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးပြီး စိုက်ခင်းများ ရာခိုင်နှုန်းပြည့်ရှင်သန်အောင် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲထိန်းသိမ်းရေး၊ လာမည့် မိုးရာသီတွင် တောင်တန်းများ၌ တောင်တန်းကြက်ဆူပင် ထည့်သွင်းစိုက်ပျိုးရေး၊ စိုက်ပျိုးချိန်တွင်စိုက်ပျိုးမည့် ပျိုးပင်များကို အချိန်ကိုက်စိုက်ပျိုးနိုင်အောင် ကြိုတင်စီမံဆောင်ရွက်ထားရှိရေး၊ မီးမလောင်စေရန် စနစ်တကျ စီမံထားရှိရေးတို့ကို ဝန်ထမ်းများအား မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဟောပြောပို့ချ

ရန်ကုန် မေ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့နံနက်၁၀နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကျင်းပသော အခြေခံစည်းရုံးရေး သင်တန်းအမှတ်စဉ်(၂၀)နှင့် (၂၁)တို့မှ သင်တန်းသားသင်တန်းသူ၁၀၀တို့အား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ဟောပြောပို့ချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ကြက်ခြေနီနေ့ ၂၀၀၆ အခမ်းအနားကျင်းပ အသင်းဥက္ကဋ္ဌဒေါက်တာလှမြင့်အမှာစကားပြောကြား

ရန်ကုန် မေ ၈

ကမ္ဘာ့ကြက်ခြေနီနေ့ ၂၀၀၆ (World Red Cross Day-2006) အခမ်းအနားကို "ကမ္ဘာအနှံ့ကူညီရေး၊ ကြက်ခြေနီကဆောင်ရွက်ပေး"(Universal Assistance Through Volunteering) ဆောင်ပုဒ်နှင့်အညီ ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ရှိ သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)မှ ဌာနေကိုယ်စားလှယ်များ၊ ဒုတိယကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးမှ သံအမတ်ကြီးများနှင့် သံတမန်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ဆုရကြက်ခြေနီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ပေးပို့သောသဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက ဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာလှမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့မှ ပေးပို့သော သဝဏ်လွှာကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဒုတိယကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Thiery Ribauh က ဖတ်ကြားသည်။

ဆုများပေးအပ်

ထို့နောက်အခမ်းအနားဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအသင်း၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် နိုင်ငံတကာပိုစတာပြိုင်ပွဲတွင် ဆုရရှိကြသူများအား လည်းကောင်း၊ ကမ္ဘာ့ကြက်ခြေနီနေ့ ၂၀၀၆ အထိမ်းအမှတ် သူနာပြုနှင့် စစ်ရေးပြစွမ်းရည်ပြိုင်ပွဲ၌ တံခွန်စိုက် ဒိုင်းဆုရရှိကြသော ရန်ကုန်တိုင်း(ခ)အသင်းနှင့် မွန်ပြည်နယ်အသင်းအားလည်းကောင်း၊ တံခွန်စိုက်အလံ ရရှိသော ရန်ကုန်တိုင်း(က)အသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ လှမြင့်နှင့်တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ နှင့်လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)တို့မှ ကိုယ်စားလှယ်များက ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၉-၅-၂၀၀၆ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	ဆင်ဖြူရှင်တံတား
၈:၃၀	၉။	International News
၈:၄၅	၁၀။	Happy and Educational English Summer Course MRTV
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၀၀	၅။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၁၀	၆။	**"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့"** လူမင်း၊ သူသူဟံသာ၊အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
၁၇:၁၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၈:၄၅	၁၁။	ကျန်းမာခြင်းဆိုင်ရာ အမူအကျင့်ကောင်းများ ဖွံ့ဖြိုးတိုးတက်ရေးပြိုင်ပွဲ (ဆုချီးမြှင့်ပွဲအခမ်းအနား)
၁၈:၅၅	၁၂။	ဖွံ့ဖြိုးသာယာ ကပိုင်စံပြကျေးရွာ
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာနုနု"** (အပိုင်း-၁၀)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"**(အပိုင်း-၁၂)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

တောင်ကိုရီးယားသမ္မတ စွမ်းအင်ကိစ္စအတွက် သုံးနိုင်ငံသို့ ခရီးထွက်ခွာ

ဆိုးလ် မေ ၈

တောင်ကိုရီးယားသမ္မတ နိုမူဟွန်သည် ၎င်း၏ အာရှသုံးနိုင်ငံခရီးစဉ်အဖြစ် မေ၇ရက် တနင်္ဂနွေနေ့က မွန်ဂိုလီးယားနိုင်ငံသို့ စတင်ထွက်ခွာသွားသည်။

တောင်ကိုရီးယားသမ္မတ နိုမူဟွန်

မစ္စတာနိုမူဟွန်သည် မွန်ဂိုလီးယားအဓာတိုင်ဂျန်နှင့်အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)တို့နှင့် စွမ်းအင်နှင့်သတ္တု သယံဇာတအရင်းအမြစ်များကိစ္စတွင် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမည် ဖြစ်သည်။

မွန်ဂိုလီးယားနိုင်ငံသို့ လေးရက်ကြာခရီးစဉ်အတွင်း မွန်ဂိုလီးယားသမ္မတနှင့် နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးတို့ကိုဆွေးနွေးမည်ဖြစ်သည်။ သမ္မတနိုမူဟွန်သည် ၁၉၉၉ခုနှစ်နောက်ပိုင်း မွန်ဂိုလီးယားနိုင်ငံသို့ လာရောက်ခဲ့သည့် ဒုတိယမြောက်သမ္မတ တစ်ဦးဖြစ်သည်။

သမ္မတနိုမူဟွန်သည် မွန်ဂိုလီးယားနိုင်ငံမှတစ်ဆင့် အဇာဘိုင်ဂျန်သို့ ခရီးထွက်ခွာမည်ဖြစ်ပြီး အဇာဘိုင်ဂျန်သမ္မတ အီဟမ်ဟေဒါအော့လူ အလီယမ်နှင့် တွေ့ဆုံပြီး စွမ်းအင်နှင့် သယံဇာတကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

မေ ၁၂ရက်တွင် တောင်ကိုရီးယားသမ္မတနိုမူဟွန်သည် ယူအေအီး နိုင်ငံသို့ သွားရောက်ပြီး ယူအေအီး သမ္မတ ရှိတ်ခါလီဖာဘင်ဇာယက်နာဟယမ်နှင့် တွေ့ဆုံမည်ဖြစ်သည်။ ယူအေအီးသည် တောင်ကိုရီးယားနိုင်ငံသို့ ဒုတိယ ရေနံအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်သည်။ **(အင်တာနက်)**

သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် ကိုင်ရိုမြို့ သဲမှုန်များဖုံးလွှမ်းလျက်ရှိနေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုင်ရိုမြို့၌ သဲမုန်တိုင်းတိုက်ခတ်

ကိုင်ရို မေ ၈

အီဂျစ်နိုင်ငံကိုင်ရိုမြို့၌ မေ ၆ရက် စနေနေ့က အင်အားပြင်းထန်သော သဲမုန်တိုင်းတိုက်ခတ်သွားခဲ့ကြောင်း၊ သဲမုန်တိုင်းတိုက်ခတ်ချိန်မှာ မေ ၆ရက် နံနက်ပိုင်းက ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သဲမုန်တိုင်းတိုက်

အဆိုပါသဲမုန်တိုင်းမှာ အီဂျစ်နိုင်ငံ အနောက်ပိုင်းသဲကန္တာရမှ အရှေ့ဘက်သို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ သဲမုန်တိုင်းတိုက်ခတ် မှုသည် အီဂျစ်နိုင်ငံ၏ နွေဦးရာသီတွင် ဖြစ်ပွားလေ့ရှိကြောင်း၊ သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် ကိုင်ရိုမြို့၌ ပျက်စီးဆုံးရှုံးမှုရှိမရှိ မသိရသေးကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ မြောက်ပိုင်း မွန်ဂိုလီးယားဒေသ၌ မီးသတ်တပ်ဖွဲ့ဝင်များ တောမီးငြိမ်းသတ်နေသည်ကို မေ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနိုင်ငံတကာလေဆိပ်၌ ကြယ်လိပ်များ သိမ်းဆည်းရမိ

နယူးဒေလီ မေ ၈

အိန္ဒိယနိုင်ငံ မက်ဒရက်နိုင်ငံတကာလေဆိပ်တွင် ခရီးသည်တစ်ဦးထံမှ ကြယ်လိပ်များကို အကောက်ခွန်ဌာနက မေ ၇ရက်တွင် ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

တွေ့ရှိ

ဗန်ကောက်သို့ထွက်ခွာမည့် ခရီးစဉ်ဖြင့် လိုက်ပါမည့် ခရီးသည်တစ်ဦးကို အကောက်ခွန်ဌာန တာဝန်ရှိသူများက ၎င်းအား စစ်ဆေးမှုပြုလုပ်စဉ် ကြယ်လိပ်အရှင် ၁၉၇ကောင်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီး

ထို့ကြောင့် အကောက်ခွန်ဌာနမှ ယင်းကြယ်လိပ်များကို သိမ်းဆည်းလိုက်ပြီး ၎င်းသယ်ဆောင်လာသူကို ဖမ်းဆီးအရေးယူခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းအေဂျင်စီက ဖော်ပြထားသည်။ **အမ်အင်အေဆင်ဟွာ**

အိန္ဒိယ၌ အပူလှိုင်းကျရောက် အနည်းဆုံးလူကိုးဦးသေဆုံး

နယူးဒေလီ မေ ၈

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အိုရစ်ဆာမြို့တွင် ပြီးခဲ့သောလက အပူလှိုင်းကျရောက်မှုကြောင့် အနည်းဆုံး လူကိုးဦးသေဆုံးခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနမှ မေ ၆ရက်က ဖော်ပြခဲ့သည်။

နိုင်ငံ၏ အချို့နေရာများတွင် အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးယပ်အထိရှိခဲ့သည်။

အိုရစ်ဆာအနောက်ပိုင်းအန်ဂယ်ခရိုင်မှ သုံးဦးသေဆုံးခဲ့ပြီး ဆမ်ဘယ်ပါခရိုင်မှနှစ်ဦးသေဆုံးခဲ့ကြောင်း၊ အခြားခရိုင်လေးခုမှ တစ်ဦးစီသေဆုံးသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆန်ဒါဂါမြို့၏ယခုအပူချိန်သည် ၄၂ဒီဂရီဆဲလ်ဆီးရပ်အထိ စံချိန်တင်ခဲ့သောကြောင့် အိန္ဒိယနိုင်ငံ၏ အချို့နေရာများတွင် နောက် ၂၄နာရီအတွင်း မိုးရွာသွန်းခြင်းနှင့်မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနမှ စနေနေ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်။ **အမ်အင်အေဆင်ဟွာ**

တရုတ်၌ တစ်ကိုယ်ရေသုံး စက်ရုပ်များထုတ်လုပ်

ပေကျင်း မေ ၈

တရုတ်နိုင်ငံသည် တစ်ကိုယ်ရေသုံးစက်ရုပ်များကို ပထမဆုံးအကြိမ်အဖြစ် ထုတ်လုပ်လိုက်ပြီဖြစ်သည်။ ၎င်းစက်ရုပ်သည် နေအိမ်တွင် လုပ်ငန်းဆောင်တာကိစ္စရပ် အများအပြားကို ဆောင်ရွက်ကူညီပေးနိုင်ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၅ရက်၌ ပြောကြားသည်။

အဆိုပါစက်ရုပ်သည် လူသားတစ်ဦးကဲ့သို့ လုပ်ကိုင်နိုင်စွမ်းရှိပြီး အင်တာနက်ကိုဖွင့်ကာ အလုပ်လုပ်နိုင်စွမ်းရှိသည်။ ထို့အပြင် ပိုင်ရှင်များနှင့်လည်း သတင်းများ၊ ရာသီဥတု အခြေအနေများကို ပြောကြားနိုင်ကြောင်း သိရသည်။

ဖော်ပြ

"လန်းလန်း"ဟု အမည်ပေးထားသော၎င်းစက်ရုပ်သည် အမြင့်စင်တီမီတာ၈၀(သုံးပေခန့်)ရှိပြီးလမ်းလျှောက်ရာတွင် လည်းကောင်း၊ အတားအဆီးနှင့် အကာအကွယ်များကို ကျော်လွှားရာတွင်လည်းကောင်း လွယ်ကူစွာသွားလာနိုင်ကြောင်း၊ လူသားများကဲ့သို့ပင် အလုပ်လုပ်ကိုင်နိုင်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

ထုတ်လုပ်

၎င်းစက်ရုပ်ကို ရှန်ယန်အခြေစိုက် ဆမ်ဆောင်းကုမ္ပဏီက ထုတ်လုပ်ခဲ့ပြီး တရုတ်သိပ္ပံ အကယ်ဒမီနှင့်အတူ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အသုံးပြုနိုင်

၎င်းတို့ ပြောကြားချက်အရ "လန်းလန်း" စက်ရုပ်သည် ပညာရေး၊ ဖျော်ဖြေရေးနှင့်လုံခြုံရေးတို့အပြင်မိမိ၏ကိုယ်ရေးကိုယ်တာ လက်ထောက်တစ်ဦး အနေဖြင့်လည်း အသုံးပြုနိုင်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**

ထိုင်းနိုင်ငံအလယ်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

ဗန်ကောက် မေ ၈

ထိုင်းနိုင်ငံအလယ်ပိုင်း၌ မေ ၇ရက် တနင်္ဂနွေနေ့က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်များ ပျက်စီးခဲ့ရကြောင်း၊ မိုးသက်မုန်တိုင်းများနှင့် လေပြင်းများ တိုက်ခတ်မှုကို ထိုင်းနိုင်ငံ အလယ်ပိုင်းဒေသအချို့တွင် ခံခဲ့ကြရကြောင်း၊ အထူးသဖြင့် ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင်လည်း မုန်တိုင်း ဒဏ်ခံခဲ့ရကြောင်း သိရသည်။

ထိုင်းနိုင်ငံအလယ်ပိုင်း လော့ဘူရီပြည်နယ်တွင် မုန်တိုင်းဒဏ်ကြောင့် နေအိမ် ဒါဇင်များစွာပျက်စီးခဲ့ရပြီး သစ်ပင်များလည်း ပြိုလဲခဲ့ရသည်။ သစ်ပင် အများစုမှာ အမြစ်မှပြုတ်ထွက်ပြီး ဆိုင်းဘုတ်များလည်း လဲကျပျက်စီးခဲ့သည်။

အဆိုပါ မုန်တိုင်းဒဏ်ကို ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသရှိမြို့အချို့တွင် ခံစားခဲ့ရကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ သို့သော်လည်း မုန်တိုင်းကြောင့် အင်ဒါမင်ပင်လယ်နှင့် ထိုင်းပင်လယ်ကွေ့တွင် ပင်လယ်ရေလှိုင်း တစ်မီတာအထိတက်ခဲ့ကြောင်း သိရသည်။ (အင်တာနက်)

အာဆီယံ အလုပ်သမားဝန်ကြီးများ ပိုမိုပူးပေါင်းဆောင်ရွက်ရန်သဘောတူညီ

စင်ကာပူ မေ ၈

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)၁၀နိုင်ငံမှ အလုပ်သမားဝန်ကြီးများသည် တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့မှ ယင်းတို့၏ ဆွေးနွေးဖက်နိုင်ငံများနှင့် စင်ကာပူ၌ မေ၅ရက်တွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

ပူးတွဲကြေညာချက်ထုတ်ပြန်

ယင်းတို့သည် အာဆီယံ+၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေးကို ကျင်းပပြီး ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

စီမံကိန်းများသည် နိုင်ငံနှင့်ဒေသအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထိန်းထားရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်များ ဖန်တီးပေးရေးအတွက် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း ယင်းပူးတွဲကြေညာချက်၌ ဖော်ပြသည်။ လာမည့်အာဆီယံ+၃ အလုပ်သမားဝန်ကြီးများ အစည်းအဝေးကို ၂၀၀၈ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



ဟောင်ကောင်တွင် ကျင်းပသည့် လူငယ်များနေ့ အခမ်းအနား စီတန်းလှည့်လည်ပွဲတွင် ၂၀၀၈ခုနှစ် ပေကျင်း အိုလံပစ်လာဘ်ကောင်ရုပ်များ ပါဝင်ဆင်နွှဲနေသည်ကို မေ ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စင်ကာပူအာဏာရပါတီ ရွေးကောက်ပွဲတွင်အနိုင်ရရှိ

စင်ကာပူ မေ ၈

စင်ကာပူအာဏာရပါတီသည် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး အာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း ရွေးကောက်ပွဲ မဲရလဒ်စာရင်းများအရ သိရသည်။

အဆိုပါ အာဏာရပါတီသည် ပြည်သူ့လှုပ်ရှားမှု စည်းရုံးရေးပါတီ (ပီအေပီ)ဖြစ်သည်။ ၎င်းသည် အမျိုးသားပါလီမန်တွင် အမတ် ၈၄နေရာ ရှိရာ၌ ၈၂နေရာဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ယင်းရွေးကောက်ပွဲသည် ၂၀၀၄ ခုနှစ် ဩဂုတ်လက ဝန်ကြီးချုပ်လီရှန်လွန်းအား ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ ၎င်းသည် ဆန္ဒမဲပေးသူ ထက်ဝက်ကျော်ရှိသော အတိုက်အခံများကို ပထမဆုံးအကြိမ် ရင်ဆိုင်ရခြင်း ဖြစ်သည်။ စင်ကာပူဝန်ကြီးချုပ် ဦးဆောင်သော အဆိုပါပီအေပီပါတီကို ၁၉၅၄ခုနှစ်က စတင်တည်ထောင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကို မေ ၆ရက် နံနက်၈နာရီမှ ည၈နာရီအထိဖွင့်လှစ်၍ ဆန္ဒမဲပေးခဲ့ရာ နိုင်ငံတစ်ဝန်း မဲရုံပေါင်း ၂၂ခုတွင် ပြည်သူ ၁ဒသမ ၂သန်းခန့် လာရောက်မဲပေးကြသည် ဟုဆိုသည်။ လီရှန်လွန်းသည် ၂၀၀၄ ခုနှစ် ဩဂုတ်လက ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် ပထမဆုံးအကြိမ် ရွေးကောက်ပွဲတွင် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း။

ဆရာဝန်များ ပြည်ပတွင် သွားရောက်လုပ်ကိုင်ကြ၍ ဇမ်ဘီယာနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ နှေးကွေး

လူဆာကာ မေ ၈

ဇမ်ဘီယာနိုင်ငံတွင် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများတွင် အောင်မြင်မှုရရှိရန်အတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်မှာ ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းများ လျော့နည်းနေခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက မေ ၆ ရက်၌ ပြောကြားသည်။

အာဖရိကတောင်ပိုင်းနိုင်ငံ ဇမ်ဘီယာသည် လိုအပ်နေသော ကျန်းမာရေးဝန်ထမ်း၏ ၅၀ရာခိုင်နှုန်းထက် မပိုသောအရေအတွက်ဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ယခုအချိန်တွင် လုပ်ဆောင်နေရကြောင်း ၎င်းက ပြောကြားသည်။

ဇမ်ဘီယာနိုင်ငံသည် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း အများအပြားတွင် အောင်မြင်မှုရရှိခဲ့ကြောင်း သို့သော် ပြည်စုံလုံလောက်မှု မရှိသော လူ့အရင်းအမြစ်များက အောင်မြင်တိုးတက်မှုရရှိပြီးဖြစ်သော အချို့လုပ်ငန်းများတွင် ချောမွေ့သော ဖွံ့ဖြိုးတိုးတက်မှုများအတွက် အဟန့်အတားများဖြစ်နေကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ရည်ရွယ်ထားသော အောင်မြင်မှုများ ရရှိရန် လူသားအရင်းအမြစ်သည် အရေးကြီးကြောင်း ၎င်းကထပ်လောင်း ပြောကြားသည်။

လျော့နည်း

ဗြိတိန်၊ အမေရိကန်၊ တောင်အာဖရိကနှင့် ဘော့စဝါနာနိုင်ငံများအပါအဝင် အခြားနိုင်ငံများတွင် အလုပ်လုပ်နေသော ဆရာဝန်နှင့် သူနာပြုများ အရေအတွက် များပြားမှုကြောင့် နိုင်ငံ၏ ကျန်းမာရေးဝန်ထမ်းများ လျော့နည်းခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးမားဆုံး နွားဦးချို

ဦးချိုကြီးမားရှည်လျားသော နွားတစ်ကောင်ကို တွေ့ရစဉ်။(အောက်ပုံ)

အမေရိကန်နိုင်ငံ အာကင်ဆောမြို့တွင် အာဖရိကနွားမျိုးဖြစ်သော နွားထီးတစ်ကောင်၏ ဦးချိုသည် အရှည် ၉၅ဒသမ ၂၅စင်တီမီတာရှိပြီး ဦးချို၏ အရွယ်ပမာဏမှာလည်း ကြီးမားတုတ်ခိုင်လျက်ရှိရာ ကမ္ဘာ့အကြီးမားဆုံး နွားဦးချိုကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



ကမ္ဘာ့အမြင့်ဆုံး လူစီးချားရဟတ်

ကမ္ဘာပေါ်တွင် အမြင့်ဆုံး လူစီးချားရဟတ်ကြီးတစ်ခုကို တွေ့ရစဉ်။

(အပေါ်ပုံ)

တရုတ်နိုင်ငံ ကျန်စီပြည်နယ် နန်ချန်မြို့တွင် တည်ဆောက်ထားသော လူစီးချားရဟတ်ကြီးတစ်ခုမှာ အမြင့် ၅၂၅ပေရှိပြီး မေ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ လူစီးချားရဟတ်ကြီးသည် လန်ဒန်မြို့သိမ်းစ်မြစ်အနီး တည်ဆောက်ထားသော လန်ဒန်မျက်လုံး အမည်ရှိ လူစီးချားရဟတ်ထက် ၈၂ပေပိုမြင့်ကြောင်း သိရသည်။

(အင်တာနက်)

အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၂၄၀၈ ဦးရှိသွားပြီ

ဘဂ္ဂဒက် မေ ၈

ဘဂ္ဂဒက်တောင်ဘက်၌ မေ၅ ရက်က အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသည် လမ်းဘေးဗုံး ထိမှန်မှုကြောင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖော်ပြ

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးသည် ဘာဘီလ်ပြည်နယ်၌ လမ်းဘေးဗုံးထိမှန်၍ သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

၂၀၀၃ခုနှစ် မတ်လက အီရတ်ကို အမေရိကန် ဦးဆောင်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၄၀၈ဦးအထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

လူသားအရင်းအမြစ်များမွေးထုတ်ရာတွင်ပညာရေးကဏ္ဍအဓိက ဆရာဆရာမများ၏အရည်အသွေးမြင့်မားရေးအစဉ်အမြဲဆောင်ရွက်

ရန်ကုန် မေ ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မော်လမြိုင်ပညာရေးကောလိပ်မှ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို မေ ၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မော်လမြိုင်ပညာရေးကောလိပ်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအုန်းမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)နှင့် အမှတ်(၁)အခြေခံပညာဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မော်လမြိုင်ပညာရေးကောလိပ်ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အခြေခံပညာကဏ္ဍ ဆရာ ဆရာမများအဖြစ် ပြုစုပျိုးထောင်ပေးရေးတွင် ပညာရေးကောလိပ်များသည် အဓိက အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ ပညာရေးကောလိပ်မှ ဆရာ ဆရာမများ အနေနှင့် သင်ကြားရေးကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျောင်းဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းရှင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ပညာရေးကောလိပ်တွင် တက်ရောက်နေသော သင်တန်းသားသင်တန်းသူများအား ပညာညီလာခန်းမ၌တွေ့ဆုံပြီး ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အဆင့်မြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများထိရောက်စွာအသုံးပြုရေး၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာရေး၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူများပြုလုပ်ထားသည့် သင်ထောက်ကူ ပစ္စည်းများပြခန်း၊ ကွန်ပျူတာလေ့ကျင့်သင်ကြားနေမှုများနှင့် အင်္ဂလိပ်စာလေ့ကျင့်သင်ကြားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာ ကျောင်းအုပ်ကြီးများ တွေ့ဆုံပွဲအခမ်းအနားကို ယင်းနေ့ မွန်းလွဲ၂နာရီခွဲတွင် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ မွန်ပြည်နယ် ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့က မွန်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ၏ သင်ကြားရေးဆောင်ရွက်ချက်များ၊ e-Learning Centre များနှင့် မာလ်တီမီဒီယာစာသင်ခန်းများ ဖွဲ့စည်းထားမှု၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု၊ စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခြေခံပညာ ကျောင်းအုပ်ကြီးများက သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လိုအပ်ချက်များကိုတင်ပြရာ ဝန်ကြီးကဖြည့်ဆည်းဆောင်ရွက်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေးမှာကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယင်းနေ့ ညနေ ၄ နာရီတွင် မော်လမြိုင်တက္ကသိုလ် ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လူသားအရင်းအမြစ်များ မွေးထုတ်ရာတွင် ပညာရေးကဏ္ဍသည် အဓိကကျခြင်းကြောင့် ဆရာ ဆရာမများ အရည်အသွေးမြင့်မားအောင်ဆောင်ရွက်ရေး၊ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ဆွေးနွေးပွဲများပြုလုပ်ရေး၊ သင်ရိုးညွှန်းတမ်းများ ခေတ်မီရေးအတွက် အဆင့်မြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ထိရောက်စွာအသုံးပြုရေး၊ Language Lab များကို အသုံးပြုသင်ကြားရေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာစည်းမျဉ်း စည်းကမ်းများ လိုက်နာရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပဲခူးဒီဂရီကောလိပ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပဲခူးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးသိန်းဝင်းက ပဲခူးဒီဂရီကောလိပ်၌ ဖွင့်လှစ်ထားသော အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက

လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားပြီး အခြေခံပညာအထက်တန်းအဆင့် ဘာသာပြ ဆရာ ဆရာမများမွမ်းမံသင်တန်း၌ အင်္ဂလိပ်စာ၊ ရူပဗေဒနှင့် သင်္ချာသင်ကြားမှုများနှင့် လက်တွေ့ဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် လှည်းကူး ပညာရေးကောလိပ်သို့ရောက်ရှိပြီး သင်တန်းသား သင်တန်းသူများ သင်ကြားနေမှု၊ သိပ္ပံ လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းဆုချီးမြှင့်မည်

ရန်ကုန် မေ ၈

၁၃၆၇-၆၈ ခုနှစ် မဟာစည်သာသနာ့ရိပ်သာကြီး၌ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ကျင်းပရာတွင် အောင်မြင်ကြသော သင်တန်းသား သင်တန်းသူများအား ၁၃၆၈ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၁၁ ရက် မွန်းတည့် ၁၂ နာရီ၌ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများ တက်ရောက်ဆုယူရန် အသိပေး နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ညောင်ရေသွန်းပွဲတော်

ရန်ကုန် မေ ၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူလျက်ရှိသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ ဂေါပကအဖွဲ့က ကြီးမှူး၍ အဋ္ဌမအကြိမ်မြောက် ညောင်ရေသွန်းပွဲတော်အခမ်းအနားကို မေ ၁၁ ရက် (ကဆုန်လပြည့်နေ့)နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီတော် တောင်ဘက်ရှိ မဟာဗောဓိပင်၌ကျင်းပမည်ဖြစ်ရာ ညောင်ရေ သွန်းလောင်းလိုကြသော ရဟန်း၊ရှင်၊လူ၊ပြည်သူများသည် စွယ်တော်မြတ်စေတီတော် မဟာဗောဓိပင်၌ ညောင်ရေတော်များ သွန်းလောင်းနိုင်ရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်သတင်းနှင့် ဓာတ်ပုံ

တိုက်တန်းနစ် နှစ်စဉ်က နောက်ဆုံးကျန်ရစ်သူ အမေရိကန်သူ အသက် ၉၉ နှစ်ရှိ မီးစ်အက်စပလန် စနေနေ့ကကွယ်လွန်သွား

တိုက်တန်းနစ်သင်္ဘောနစ်စဉ်က အသက်မသေဘဲ ကျန်ရစ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၌ နောက်ဆုံးအသက်ရှင်နေထိုင်သူ လီလီယန်ဂတ်ရပ်အက်စပလန်မှာ မက်ဆာချူးဆက်ပြည်နယ်ရှိ ၎င်း၏နေအိမ်တွင် စနေနေ့က ကွယ်လွန်သွားပြီဖြစ်သည်။ ကွယ်လွန်ချိန်၌ မီးစ်အက်စပလန်မှာ အသက် ၉၉ နှစ်အရွယ်ရှိပြီဖြစ်သည်။

နစ်မြုပ်သွား

တိုက်တန်းနစ်ဇိမ်ခံသင်္ဘောကြီးသည် ၁၉၁၂ ခုနှစ် ဧပြီလ ၁၅ ရက် နံနက်စောစောပိုင်းတွင် ဆောက်သမ်ပတန်မှ နယူးယောက်သို့အသွား မြောက်အတ္တလန္တိတ်သမုဒ္ဒရာအတွင်းတွင် ရေခဲတောင်ကြီးကိုတိုက်မိကာ နစ်မြုပ်သွားခြင်းဖြစ်သည်။

သင်္ဘောကြီးနစ်စဉ်က မီးစ်အက်စပလန်မှာ ငါးနှစ်အရွယ်မိန်းကလေးတစ်ဦးဖြစ်သည်။ သင်္ဘောပေါ်တွင် သူမ၏ မိခင်၊ ဖခင်နှင့်တကွ အစ်ကိုလေးဦးတို့ လိုက်ပါလာကြသည်။ သူမ၏မိခင်၊ အစ်ကိုတစ်ယောက်နှင့် သူမတို့သုံးဦး လွတ်မြောက်လာကြသော်လည်း ဖခင်နှင့် အစ်ကိုသုံးဦး သေဆုံးသွားသည်။

၁၅၀၃ ဦး

တိုက်တန်းနစ်သင်္ဘောကြီးနစ်စဉ်က ခရီးသည်နှင့် သင်္ဘောအမှုထမ်း စုစုပေါင်း ၁၅၀၃ ဦး အသက်ဆုံးရှုံးခဲ့သည်။ မီးစ်အက်စပလန်မှာ အိမ်ထောင်မရှိ၊ အပျိုကြီးဖြစ်ပြီး ဝါစက်စတာတွင် အတွင်းရေးလက်ထောက်လုပ်ငန်းများကို လုပ်ကိုင်ခဲ့သော်လည်း မိခင်ကြီးအား ကြည့်ရှုရန် စောစောစီးစီးအနားယူခဲ့သည်။(ကိုးကား-အင်တာနက်)



အက်စပါတိမ်းဆေးသကြားကြောင့် ကင်ဆာမဖြစ်နိုင်

အက်စပါတိမ်း ($e_{14}H_{18}N_2O_5$) ဆေးသကြားတစ်မျိုးစားသုံးမှုနှင့် ကင်ဆာရောဂါဖြစ်ပွားမှုတို့ ဆက်စပ်ပတ်သက်ခြင်းမရှိကြောင်း ဥရောပစားနပ်ရိက္ခာ အန္တရာယ်ကင်းရှင်းရေး အာဏာပိုင်အဖွဲ့(အီးအက်ဖ်အက်စ်အေ)၏ မကြာသေးမီက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

အက်စပါတိမ်းဆေးသကြားသည် ကင်ဆာရောဂါဖြစ်ပွားစေသည်ဟူသော ၂၀၀၅ ခုနှစ်အတွင်းက လေ့လာတွေ့ရှိချက်ကို အီးအက်ဖ်အက်စ်အေက အရေးတကြီး ပြန်လည်သုံးသပ်ကာ အထက်ပါအတိုင်း အတိအလင်းဖော်ပြလိုက်ခြင်း ဖြစ်သည်။

ထပ်မံတွေ့ရှိ

အီတလီနိုင်ငံ ဘိုလော့နာမြို့ရှိ ဥရောပ ရာမက်ဇီနီဖောင်ဒေးရှင်း (အီးအာရ်အက်စ်)က ကြွက်အကောင် ၁၈၀၀ ကို စမ်းသပ်ပြီး အက်စပါတိမ်းဆေးသကြားကြောင့် ကင်ဆာဖြစ်စေသည်ဟု ကောက်ချက်ချခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုအခါတွင် ထိုသို့မဖြစ်စေနိုင်ကြောင်း ထပ်မံတွေ့ရှိလိုက်ခြင်း ဖြစ်သည်။

သုတေသနပြုလုပ်

အီးအာရ်အက်ဖ်ကမူ စက်မှုနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ သန်းပေါင်းများစွာသော ပြည်သူများအကြား ဆေးသကြားပိုသုံးလာခြင်းကို ထောက်ရှု၍ ပြည်သူ့ကျန်းမာရေးကာကွယ်ရန်အတွက် အက်စပါတိမ်း ဆေးသကြားသာမက အခြားသော ဆေးသကြားများကိုလည်း သုတေသနပြုလုပ်မည်ဟု ကြေညာသည်။ ဆေးသကြားများကို အစားအစာများ၊ အဖျော်ယမကာနှင့် ဆေးဝါးထုတ်ကုန်များတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာသည့်အတွက် ဖြစ်သည်ဆို၏။ **(ကိုးကား-အင်တာနက်)**

ထိုင်းနိုင်ငံ၌ ပထမအကြိမ် မြန်မာရုပ်ရှင်ပွဲတော် ကျင်းပမည်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၈

မြန်မာ့ရုပ်ရှင်အဆင့်အတန်းကို နိုင်ငံတကာကသိရှိစေရန်၊ မြန်မာရုပ်ရှင်များအရည်အသွေးမြင့်မားကြောင်း ပြသရန်နှင့် မြန်မာ့ရုပ်ရှင်ဈေးကွက် ချဲ့ထွင်ရန်ရည်ရွယ်ပြီး ပြည်ပနိုင်ငံများတွင် မြန်မာရုပ်ရှင်ပွဲတော်များကျင်းပရန် အတွက် ဒါရိုက်တာကြည်စိုးထွန်းဦးဆောင်သော မြန်မာရုပ်ရှင်အဖွဲ့ မေ၉ရက်(ယနေ့)**တွင် ထိုင်းနိုင်ငံသို့ ခရီးထွက်ခွာ သွားကြမည်ဖြစ်သည်။**

ပထမအကြိမ်

မြန်မာရုပ်ရှင်အဖွဲ့ ယခုကဲ့သို့ ထိုင်းနိုင်ငံသွားရောက်ခြင်းမှာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မကြာမီကျင်းပမည့် ပထမအကြိမ် "Myanmar Film Festival"ပွဲတော်ကျင်းပရန်အတွက် ဖြစ်သည်။

ထိုင်းနိုင်ငံတွင် မကြာမီ ကျင်းပတော့မည့် မြန်မာရုပ်ရှင်ပွဲတော်နှင့် ပတ်သက်၍ ဒါရိုက်တာ ကြည်စိုးထွန်းက မြန်မာ့အလင်းသို့ ပြောကြားရာတွင် "အရင်က ပြည်ပနိုင်ငံတွေမှာပါဝင်ပြသခဲ့တာက သူတို့နိုင်ငံရဲ့ ရုပ်ရှင် ပွဲတော်တွေမှာ မြန်မာရုပ်ရှင်ဇာတ်ကားတွေ ပါဝင်ပြသခဲ့တာပါ၊ ယခုပြုလုပ်မယ့် ရုပ်ရှင် ပွဲတော်မှာက မြန်မာ ရုပ်ရှင်ဇာတ်ကားတွေပဲ ပြသမှာဖြစ်ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် ပြည်ပနိုင်ငံမှာ ခင်းကျင်းပြသတဲ့ မြန်မာရုပ်ရှင်ပွဲတော်ပါပဲ" ဟု ပြောကြားသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မကြာမီကျင်းပတော့မည် ပထမအကြိမ် မြန်မာရုပ်ရှင်ပွဲတော်နှင့် ပတ်သက်၍ ဒါရိုက်တာ ကြည်စိုးထွန်းက မြန်မာ့အလင်းသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဗန်ကောက်တွင် ကျင်းပမည့် မြန်မာရုပ်ရှင်ပွဲတော်၌ ပြသမည့် ဆဋ္ဌဂံဇာတ်ကားမှ လျှမ်းထက်နှင့် ဆုရွှန်းလဲ့တို့၏ ဇာတ်ဝင်ခန်း တစ်ခန်း။ (မြန်မာ့အလင်း)

ဇာတ်ကားများ

ယခုပထမဆုံးအကြိမ် မြန်မာရုပ်ရှင်ပွဲတော်တွင် ပြသမည့်ရုပ်ရှင်ကားများမှာ မြတ်မိခင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ထားသော **"သူ့ကျွန် မခံပြီ"**၊ စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ထားသော **"ဆန်ရေ"**နှင့် **"ဆဋ္ဌဂံ"** ရုပ်ရှင်ဇာတ်ကားများ၊ မျိုးရုပ်ရှင်ထုတ်လုပ်ရေးမှ **"ပေးဆပ်သူတို့နှလုံးသား"** ဇာတ်ကားနှင့် မြသရဖူရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်ထားသော **"ချစ်ခြင်းငယ်ပြိုင်"** ဇာတ်ကားတို့ဖြစ်ကြောင်း ဒါရိုက်တာကြည်စိုးထွန်းက ဆက်လက်ပြောကြားသည်။

အင်္ဂလိပ်စာတန်းထိုး

ယင်းဇာတ်ကားများသည် ရောင်စုံရုပ်ရှင်ဇာတ်ကားများ ဖြစ်ကြပြီး အားလုံးမြန်မာစကားပြော အင်္ဂလိပ်စာတန်းထိုးများဖြစ်ကြောင်းသိရသည်။ နိုင်ငံတကာရုပ်ရှင်နယ်ပယ်ကို ထိုးဖောက်ရာတွင် ဘာသာစကားနားလည်မှု သည်လည်း အရေးကြီးရာ ယင်းအချက်ကို ယခုရုပ်ရှင်ဇာတ်ကားများတွင် ဖြည့်ဆည်းပေးထားခြင်းဖြစ်သည်။

ယခုပြသရန် ရွေးချယ်ထားသည့် ရုပ်ရှင်ဇာတ်ကားများအနက် **"ဆန်ရေ"**ရုပ်ရှင်ဇာတ်ကားသည် ၂၀၀၅ခုနှစ်က တောင်ကိုရီးယားရုပ်ရှင်ပွဲတော်တွင်လည်းကောင်း၊ **"သူ့ကျွန်မခံပြီ"**ရုပ်ရှင်ဇာတ်ကားကို ၂၀၀၁ခုနှစ်က တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့တွင် ပြုလုပ်သော ရုပ်ရှင်ပွဲတော်များတွင်လည်းကောင်း၊ **"ပေးဆပ်သူတို့နှလုံးသား"** ရုပ်ရှင်ကို ၂၀၀၄ခုနှစ်က ပြုလုပ်သော တရုတ်နိုင်ငံ ရွှေကြက်ဖရုပ်ရှင်ပွဲတော်နှင့် ၂၀၀၅ခုနှစ်ကပြုလုပ်သော တောင်ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့၏ ရုပ်ရှင်ပွဲတော်များတွင်ပါဝင်ပြသခဲ့ပြီး **"ချစ်ခြင်းငယ်ပြိုင်"** ရုပ်ရှင်ဇာတ်ကားကို ၂၀၀၅ နှင့် ၂၀၀၆ အတွင်း ကျင်းပခဲ့သည့် ထိုင်းရုပ်ရှင်ပွဲတော်နှင့် ဘင်္ဂလားဒေ့ရှ်ရုပ်ရှင်ပွဲတော်တို့တွင် ပါဝင်ပြသခဲ့ဖူးကြောင်း သိရသည်။

ယခု ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် မြန်မာရုပ်ရှင်ပွဲတော်အောင်မြင်ခဲ့ပါက တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှားနှင့်ဂျပန်နိုင်ငံတို့တွင်လည်း မြန်မာရုပ်ရှင်ပွဲတော်များ ဆက်လက်ပြုလုပ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

ထိုးဖောက်နိုင်ရေး

မြန်မာရုပ်ရှင်များ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန်အတွက် အဆင့်အတန်းမြင့်မားသော၊ အရည်အသွေးကောင်းမွန်သော၊ ဇာတ်လမ်းဇာတ်အိမ်ခိုင်ခံ့သော ရုပ်ရှင်ဇာတ်ကားကောင်းများ အဆက်မပြတ်ရိုက်ကူးထုတ်လုပ်နိုင်ရေးလည်းလိုအပ်သည်ဖြစ်ရာ ယခု ပထမအကြိမ် မြန်မာရုပ်ရှင်ပွဲတော်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနိုင်တော့မည်ဖြစ်ကြောင်း သတင်းစကားရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ပြသမည့် ပထမအကြိမ် မြန်မာရုပ်ရှင်ပွဲတော်၌ ပါဝင်တင်ဆက်မည့် "ချစ်ခြင်းငယ်ပြိုင်"ရုပ်ရှင်ဇာတ်ကားမှ ရန်အောင်နှင့်မေသန်းနုတို့၏ သရုပ်ဆောင်မှု။ (မြန်မာ့အလင်း)

ဒူးယား-ရွှေတောင်သာရ-အုန်းပင်ကွင်း ကျောက်ချောလမ်းဖွင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တက်ရောက်

ရန်ကုန် မေ ၈

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော ဒူးယား-ရွှေတောင်သာရ-အုန်းပင်ကွင်း ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၇ရက်က ကျင်းပရာ အခမ်းအနားသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ ခရိုင်၊ မြို့နယ်အသင်းအလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာဟင်္သာတမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းက လမ်းနှင့်ပတ်သက်သော အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဟင်္သာတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးညွန့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် လမ်းအား ဟင်္သာတခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းနှင့် ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက်ဝန်ကြီးများနှင့် အဖွဲ့သည် လမ်းသစ်အား လှည့်လည်စစ်ဆေးကြည့်ရှုသည်။

အဆိုပါလမ်းမှာ ဒူးယား-အုန်းပင်ကွင်း-မြေခြား-နတ်မော်ရွာတို့ကို ဆက်သွယ်သောလမ်းဖြစ်ပြီး အရှည် ၈ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေရှိသော လမ်းဖြစ်ကာ စည်ပင်သာယာရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရာသီမရွေး

လမ်းပြီးစီးသွားသဖြင့် ကျိုက်ထီးရိုး၊ ကုက္ကိုစု၊ အုတ်ဖိုချောင်ရွာစသည့် ကျေးရွာ ၁၁ ရွာမှ အိမ်ခြေ ၁၀၈၆ အိမ်၊ အိမ်ထောင်စု ၁၀၀၉ စု၊ လူဦးရေ ၄၈၆၉ ဦးတို့အတွက် ရာသီမရွေး သွားလာနိုင်ပြီဖြစ်၍ ဒေသနေပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စရပ်များအား လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ကဆုန်လပြည့်(ဗုဒ္ဓနေ့) သောက်ရေသန့်ဘူးများ ဒါနပြုပွဲ

ရန်ကုန် မေ ၈

၁၃၆၈ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ၁၁ရက်(ကြာသပတေးနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၊ သောကြာထောင့်၊ မြောက်ဘက်မုခ်စောင်းတန်းအနီး၊ ဝေနေယျသုခမွှာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးပေါင်းသုံးသောင်းကျော်(ငွေကျပ်၁၅သိန်းခွဲကျော်ဖိုး)ကို တစ်နေကုန် စတုဒိသာဒါနပြုလှူဒါန်းမည်ဖြစ်သည်။ ယခုအထိ သောက်ရေသန့် ဘူးပေါင်း ခြောက်သိန်းနှစ်သောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံးကျပ် တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆နှင့် ဖုန်း-၃၈၃၅၁၁၊ လိုင်းခွဲ ၁၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေစေတီတစ်တောင်နယ်မြေ ကဆုန်ညောင်ရေသွန်းပွဲ

ရန်ကုန် မေ ၈

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် ချင်းလယ်ကျေးရွာ အုပ်စုအတွင်းရှိ ဂန္ဓမာဒနတောင် ရွှေစေတီတစ်တောင်နယ်မြေတွင် မေ၁၁ရက်(ကဆုန်လပြည့်နေ့)၌ ရွှေစေတီဆရာတော်ဦးဝါသိဋ္ဌ၏ သာသနာပြု ငွေရတုအထိမ်းအမှတ်အဖြစ် စေတီသစ်များ ထီးတော်တင်ပွဲ၊ စုပေါင်းရဟန်းခံ ရှင်ပြုပွဲ၊ ညောင်ရေသွန်းပွဲများကို စည်းကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မဟာမုနိရုပ်ပွားတော် အနေကဇာတင်နှင့် ရေစက်ချအလှူမင်္ဂလာ

ရန်ကုန် မေ ၈

ဗဟန်းမြို့နယ် ဥဿဝတီသာသနာပြုကျောင်းတိုက် နှစ်ထပ်ဓမ္မာရုံသစ်တွင် ကိန်းဝပ်စံပယ်တော်မူမည့် မဟာမုနိရုပ်ပွားတော်မြတ်အား အနေကဇာတင်နှင့် ရေစက်ချအလှူတော်မင်္ဂလာကို ကဆုန်လပြည့်နေ့ မေ၁၁ရက် (ကြာသပတေးနေ့)နံနက်၇နာရီခွဲတွင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

■ **ရှေ့ဖုံးမှ**

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ကျောက်မျက်ရတနာ တူးဖော်ရောင်းချသည့်လုပ်ငန်းသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိသည့်လုပ်ငန်းဖြစ်ပြီး နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်အတွက် အကျိုးများသည့် လုပ်ငန်းကြီးနှင့်ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအနေဖြင့် စဉ်းစား၊ ဆွေးနွေး၊ ဆုံးဖြတ်ရာတွင် နှောင့်နှေးဖင့်နွှဲ့ခြင်းမရှိဘဲ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

အာရုံစူးစိုက်

ယခုအချိန်တွင် ကျောက်မျက်၊ ကျောက်စိမ်းဈေးကွက် တိုးတက်ဖွံ့ဖြိုးနေပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများက မိမိတို့နိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲများကို စိတ်ဝင်စား အာရုံစူးစိုက်လာကြကြောင်း၊ မိမိတို့နိုင်ငံကလည်း ကျောက်မျက်ရတနာထုတ်လုပ်မှုနှင့် ရောင်းချမှုကို ဟန်ချက်ညီညီဆောင်ရွက်ကြရန်လိုကြောင်း၊ ရတနာထုတ်လုပ်မှုလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကြီးမားသည့်အပြင် ခက်ခဲပင်ပန်းစွာလုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများကို ထိုက်တန်သည့် တန်ဖိုးရရှိစေရန်နှင့် မြန်မြန်ဆန်ဆန်ရောင်းချရစေရန် နိုင်ငံတော်က စီစဉ်ပေးသွားရမည်ဖြစ်ကြောင်း၊ ယခင်က တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် သတ်မှတ်ရောင်းချခဲ့သော်လည်း၊ ထုတ်လုပ်မှုအပေါ် အခြေခံ၍ အချိန်သတ်မှတ်မှုမထားဘဲ ကျောက်မျက်ရတနာပြပွဲများကို လိုအပ်သကဲ့သို့ ပြုလုပ်ရောင်းချသွားရန်ဖြစ်ကြောင်း။

အထူးဂရုပြုလုပ်ကိုင်

ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်မယွင်းရေးကို အထူးဂရုပြုလုပ်ကိုင်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ထားသည်နှင့်အညီ သတ္တုတွင်းဝန်ကြီး ဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောက်မျက်ရတနာလုပ်ငန်းများမှ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က ဝင်ငွေရရှိမှုအခြေအနေ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများမှ နှစ်အလိုက်ရောင်းချရရှိငွေအခြေအနေ၊ မြန်မာ့ကျောက်စိမ်းနှင့် ကျောက်မျက်ဈေးကွက် တိုးတက်လာမှုအခြေအနေ၊ နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူဆောင်ရွက်လျက်ရှိသော ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းများ အခြေအနေတို့ကို ပဏာမရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှု၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း ကျောက်မျက်လုပ်ကွက်များ တူးဖော်လုပ်ကိုင်ခွင့်ပြုမှုနှင့် ကျောက်မျက်ရတနာပြပွဲများ ခင်းကျင်းပြသရန် လျာထားစီစဉ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၃၉)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးမှ ဝန်ကြီးဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ မိန့်ခွန်းပြောကြားခဲ့

ရန်ကုန် မေ ၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက်မှ ၆ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေး မကျင်းပမီ မေ ၃ ရက် နံနက် ၈ နာရီခွဲတွင် Taj Residency Hotel ၌ ကျင်းပသည့် အာဆီယံ+သုံးနိုင်ငံများ၏ အာဆီယံ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ဆွေးနွေးခဲ့သည်။ ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် Hyderabad International Convention Centre(HICC)၌ ကျင်းပသည့် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးသို့လည်း မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Taj Residency Hotel ၌ ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ကြပြီး အာဆီယံ+၃ နိုင်ငံများ၏ စီးပွားရေးနှင့် မူဝါဒဆိုင်ရာ ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကာ အာရှ ငွေချေးစာချုပ် ဈေးကွက်အစီအစဉ် (Asia Bond Market Initiative) (ABMI)နှင့် ဇင်းမယ် အစီအစဉ် (Chin Mai Initiative) (CMI)ဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးများက ညနေ ၅ နာရီခွဲတွင် ဒေသတွင်း ငွေရေးကြေးရေးတည်ငြိမ်မှုကို အထောက်အကူပြုမည့် နှစ်နိုင်ငံချင်း ငွေကြေးဖလှယ်မှုအစီအစဉ် (Bilateral Swap Arrangement) (BSA) အခြေခံဘောင်အပေါ် ပြင်ဆင်သည့် အပေါ်စာကို သဘောတူ လက်မှတ်ရေးထိုးကြပြီး အာဆီယံ+၃ နိုင်ငံများ၏ ဝန်ကြီးများက ပူးတွဲသတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ကြေညာခဲ့ကြ၍ သတင်းစာ ရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ကြသည်။ **(အပေါ်ပုံ)**

(၃၉)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက် ၁၀ နာရီတွင် Hyderabad International Convention Centre (HICC) ခန်းမ၌ကျင်းပရာ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့်အတူ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ယင်းဖွင့်ပွဲအခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် Dr. Manmohan Singh၊ အိန္ဒိယသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Mr. Palaniappan Chidambaram နှင့် အာရှ ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ဖတ်ကြားဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မေ ၆ ရက် နံနက် ၉ နာရီခွဲက မြန်မာနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မိန့်ခွန်းပြောကြားခဲ့သည်။ လုပ်ငန်းကော်မတီ အစီရင်ခံစာများကို မွန်းလွဲ ၂ နာရီခွဲတွင် ဆက်လက်၍ ဖတ်ကြားဆွေးနွေးကြပြီး ၂၀၀၇ ခုနှစ်အတွက် ရွေးချယ်ခံရသည့် အစည်းအဝေးသဘာပတိက အမှာစကားပြောကြားကာ ညနေ ၄ နာရီခွဲတွင် (၃၉) ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ် မေ ၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် OPEC Fund မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မေ ၆ ရက် နံနက် ၁၁ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ Import- Export Bank မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း တွေ့ဆုံကာ နှစ်ဦးနှစ်ဖက် အကျိုးတူကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြား စီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွင့်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်း မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

ရန်ကုန် မေ ၈

မကွေးတိုင်း မီးသတ်ဦးစီးဌာန၏ နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ၅ရက်တွင် မကွေးတိုင်း မီးသတ်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တက်ရောက်၍ မီးသတ်တပ်ဖွဲ့နေ့ အမှာစကားပြောကြားသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ပြင်ဦးလွင်မြို့ ဗဟိုမီးသတ်သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် တန်းမြင့် မီးသတ်ပညာသင်တန်းတွင် ဆုရရှိခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးတို့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် အဖွဲ့ဝင်(၁) ဦးခင်မောင်မြင့်တို့က လည်းကောင်း၊ တိုင်းအတွင်း စခန်းသန့်ရှင်းသာယာလှပရေးဆုရရှိသော မြို့နယ်မီးသတ်စခန်းများကို တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးကျော်မြင့်သန်းက လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

စွမ်းရည်ပြသ

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်စွမ်းရည်၊ အပေါ့စားမီးသတ်စက် စွမ်းရည်နှင့် မီးသတ်စက်ကြီး စွမ်းရည်တို့ကို ပြသကြပြီး မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြသကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ***ကျောဖုံးမှ***

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ စင်တီမီတာ ၁၂၀ (လေးပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ စင်တီမီတာ ၆၀ (နှစ်ပေခန့်)၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့၌ စင်တီမီတာ ၃၀ (တစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့၌ စင်တီမီတာ ၉၀ (သုံးပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့၌ စင်တီမီတာ ၃၀ (တစ်ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဝါသနာရှင်စင်မြင့်
၇:၃၅	Sunday Talk
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	မနီတို့ရွာနှင့် သစ်တော
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	ဖန်ချက်စက်ရုံ(သန်လျင်)
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀	အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော် (International Bazzar)
၁၀:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅	ခေတ်မီလှပနေထိုင်ဖို့ တိုက်လှလှလေးဆောက်ကြစို့
၁၀:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ဆူနာမီရေလှိုင်းကာကွယ်ရေး အကြောင်း သိကောင်းစရာ (ပထမပိုင်း)
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း
၁၁:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၅	အဆီကျဖို့အဆီချစို့
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဝိုင်အမ်ဘီအေ နှစ်တစ်ရာပွဲ ကဗျာဆုရသူများ

ရန်ကုန် မေ ၈

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်တစ်ရာပြည့်ပွဲတော် အထိမ်းအမှတ် ကဗျာပြိုင်ပွဲဆုရသူစာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ရာ ဦးထွန်းရွှေ(ရဲအောင်) သာကေတမြို့(တတိယဆု)၊ ဦးငွေထွဏ်း (ရာပြည့်-တောင်ကြီး) ဘားအံမြို့(နှစ်သိမ့်ဆု)၊ ဦးတင်ထွဏ်းအုန်း(မောင်ညီလွင်) ဘားအံမြို့(နှစ်သိမ့်ဆု)၊ နန်းစောညွှန့်(စောငယ်ငယ်-မိုးညှင်း) ဟိုပင်မြို့(နှစ်သိမ့်ဆု)၊ ဦးငွေစိုး(ခြိမ့်ခိုင်) မအူပင်မြို့(နှစ်သိမ့်ဆု)တို့ ရရှိကြသည်။ **(၃၅၂)**

မြန်မာနိုင်ငံသူနာပြုအသင်း
၂၀၀၆ ခုနှစ်
အပြည်ပြည်ဆိုင်ရာသူနာပြုနေ့
Safe Staffing Saves Lives
ပြုစုအင်အားပြည့်ဝမှ-လုံခြုံစိတ်ချ ပြည်သူ့ဘဝ
၂၀၀၆ ခုနှစ် မေလ(၁၂)ရက်
သူနာပြုတက္ကသိုလ်(ရန်ကုန်)

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုစစ်ဆေး လုပ်ငန်းများသတ်မှတ်ကာလထက် စောပြီးစီးအောင် ဆောင်ရွက်ရေးမှာကြား

ရန်ကုန် မေ ၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်လိုက်ပါလျက် မန္တလေးတိုင်း ပျဉ်းမနားမြို့၏ အရှေ့ဘက် လက်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် မိုင်၃၀ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ မေ၅ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး တမံအူလမ်းကြောင်း ဖော်ထုတ်ရှင်းလင်းခြင်းလုပ်ငန်း၊ ရေလွှဲဥမင်တူးဖော်ခြင်းလုပ်ငန်းနှင့် ချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် လက်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုအတွက်လိုအပ်သော ရေပမာဏ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် လက်ရှိ ပေါင်းလောင်းဆည်ရေ ဝင်ရောက်မှုအား ရေကူပေးနိုင်ရန် စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၇၀ရှိ စက်နှစ်လုံး တပ်ဆင်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၄၁၁သန်းခန့် ထုတ်လုပ်နိုင်မည့်အပြင် အထက်ပေါင်းလောင်းရေလှောင်တမံတွင် ရေသိုလှောင်ထိန်းသိမ်းမှုကြောင့် လက်ရှိပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီ၉၁၁ သန်းထုတ်လုပ်နေရာမှ နှစ်စဉ်၉၆၉ ကီလိုဝပ်နာရီသန်းပေါင်းအထိ ပိုမိုတိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် နမ်ချိုရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီးနောက် နမ်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေနေရာရှင်းလင်း ဖော်ထုတ်ခြင်းလုပ်ငန်း၊ ရေယူ အဆောက်အအုံတည်ဆောက်မည့်နေရာ၊ တမံအူကြောင်း လမ်းကြောင်းရှင်းလင်းဖော်ထုတ်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မေ ၇ရက် မွန်းလွဲပိုင်းတွင် ၂၃၀ကေဗွီ မြောင်းတကာ–လှိုင်သာယာ–ရေကြည်(အသုတ်) မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းအပိုင်း လှိုင်မြစ်ကျော်(ထန်းတပင်)ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းစခန်း (ထန်းတပင်)သို့ ရောက်ရှိပြီးနောက် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ပန်းလှိုင်မြစ်နှင့် လှိုင်မြစ်တို့ ဆုံရာနေရာတွင် မြစ်ကျော်ဓာတ်အားလိုင်းဆွဲရန်အတွက် တာဝါတိုင်တပ်ဆင်ပြီးစီးမှုအခြေအနေ၊ မြစ်ကျော် ဓာတ်အားလိုင်းဆွဲရန် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို အသေးစိတ်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အားသွန်ခွန်စိုက်

ထိုသို့ ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးရာ၌ စီမံကိန်းမှ တာဝန်ရှိသူများအား လုပ်ငန်းများကို သတ်မှတ်ကာလထက် စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံတမန်ကျင့်ဝတ်များ ဖောက်ဖျက်ပြီး ဗြိတိန်နှင့်အမေရိကန်သံရုံးများ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်ပူးပေါင်း၍ သင်တန်းများဖွင့်လှစ် ပြည်တွင်းရေး ပြောင်ပြောင်တင်းတင်းစွက်ဖက်နှောင့်ယှက်ခြင်းသာဖြစ်

ရန်ကုန် မေ ၈

အနောက်နိုင်ငံကြီးအချို့မှ သံရုံးဝန်ထမ်းအချို့သည် ၎င်းတို့၏အကျိုးစီးပွားအတွက် မိမိတို့၏ပြည်တွင်းရေးကိစ္စများတွင် ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်လျက်ရှိသည်။ သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက်ပြီး မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ကြသည်။ ခြယ်လှယ်စွက်ဖက်နိုင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံကို အသုံးချကြသည်။ အထူးသဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ မိမိတို့နိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားအောင်၊ အေးချမ်းသာယာမှုများကို ဖရိုဖရဲဖြစ်အောင်၊ ဖွံ့ဖြိုးတိုးတက်မှုများကို တုံ့နှေးသွားအောင်၊ နည်းမျိုးစုံသုံးလာကြသည်။ စွက်ဖက်ခြေရှုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့်နည်းလမ်းများ၌ တရားမဝင်သင်တန်းဖွင့်ခြင်းများလည်း ပါဝင်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှ တာဝန်ရှိသူများသည် ဗြိတိန်နှင့် အမေရိကန်သံရုံးများနှင့် ဆက်သွယ်၍ NLD ပါတီဝင်များအား အခမဲ့သင်ကြားပေးရန် ညှိနှိုင်းသဘောတူညီချက်ရရှိကာ ၎င်းတို့၏ ပါတီဝင်များအား ဗြိတိသျှသံရုံးနှင့် အမေရိကန်စင်တာတို့၌ ဖွင့်လှစ်သော သင်တန်းများသို့ တက်ရောက်စေလျက်ရှိကြောင်းသိရှိရသည်။

ဗြိတိသျှသံရုံးတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းနှစ်မျိုးကိုလည်းကောင်း၊ အမေရိကန်စင်တာတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးသင်တန်းနှင့် ကမ္ဘာလုံးဆိုင်ရာ နည်းပညာဖြန့်ကြက်မှု သင်တန်းသုံးမျိုးတို့ကိုလည်းကောင်း ဖွင့်လှစ်လျက်ရှိသည်။

သီးခြားသင်ကြားပေး

အဆိုပါသင်တန်းများသို့ သာမန်အရပ်သားများ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲအောင်မြင်မှ တက်ရောက်ခွင့်ရှိကာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ခန့် သင်တန်းကြေးပေးရကြောင်း၊ NLD ပါတီဝင်ဖြစ်ပါက သင်တန်းကြေးပေးရန်မလိုကြောင်း၊ သီးခြားသင်ကြားပေးကြောင်း၊ သင်တန်းတက်ပြီးသူ ဒုတိယတန်းခေါင်းဆောင်များကို နောင်တစ်ချိန်တွင် NLD ပါတီမှ ဖွင့်လှစ်မည့် ပြန်ကြားရေးဆပ်ကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီတို့တွင် တာဝန်ပေးရန်အတွက်ရည်ရွယ်၍ တက်ရောက်စေခြင်းဖြစ်ကြောင်း၊ ထို့အပြင် NLD ပါတီဝင်လူငယ်များအတွင်း ထပ်ဆင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရန်ရည်ရွယ်၍ တက်ရောက်စေခြင်းလည်းဖြစ်ကြောင်းလည်း သိရသည်။

Professional Development Programme-2 သင်တန်းကို အမေရိကန်သံရုံး ပြန်ကြားရေးဌာန၌ ၁၄–၆–၂၀၀၅ရက်နေ့က သီးခြားစတင်ဖွင့်လှစ်လျက်ရှိပြီး ယင်းသင်တန်းသို့ NLD ပါတီမှ ဦးဟန်သာမြင့်၊ ဒေါက်တာအောင်မိုးညို၊ ဦးထွန်းမြိုင်၊ ဦးသိန်းဇံ၊ ဦးစိုးဝင်း၊ ဒေါ်အေးအေးမာ၊ ဒေါက်တာသန်းဝင်း၊ ဦးဝင်းသောင်း၊ ဦးကျော်ဟိုး၊ ဒေါ်သန်းငွေနှင့် ဦးဇော်ဘွဲ့တို့ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ဥပဒေချိုးဖောက်

ထို့အတူ ဗြိတိသျှသံရုံးက ၂၂–၉–၂၀၀၅ရက်နေ့တွင် စတင်ဖွင့်လှစ်သော သင်တန်းတွင်လည်း NLD ပါတီမှ ဦးဟန်သာမြင့် အပါအဝင် သင်တန်းသား ၁၁ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ ၎င်းသင်တန်းတွင် သင်ရိုးညွှန်းတမ်း စနစ်တကျဆွဲမထားဘဲ အင်္ဂလိပ်စကားပြောသင်ခန်းစာ၊ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရမှု၊ ကမ္ဘာ့နိုင်ငံများအသီးသီး၌ လာဘ်စားမှု၊ ကွန်ပျူတာ၊ အင်တာနက်သတင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်၊ အင်အားနည်းနိုင်ငံများ၌ လူ့အခွင့်အရေးနှင့် ဥပဒေချိုးဖောက်မှုတို့ကို သင်ကြားပို့ချခဲ့သည်။

၎င်းသံရုံးများ၌ ဖွင့်လှစ်သည့်သင်တန်းများမှာ မြန်မာစာနယ်ဇင်းလောကမှ လူငယ်အချို့ကို သကာရည်အုပ်ထားသည့် ဆေးခါးကြီးတိုက်သကဲ့သို့ဖြစ်သည့်အတွက် မီဒီယာအဆိပ်အတောက်ဟု ခေါ်နိုင်ပါသည်။ အထူးသဖြင့် စာနယ်ဇင်းလောကသို့ ယခုမှဝင်ရောက်စဖြစ်သည့် အတွေ့အကြုံမရှိသေးသော အဖြူထည်လူငယ်စာနယ်ဇင်းသမားများအား ၎င်းတို့စိတ်ကြိုက်အရောင်ဆိုးနိုင်ရန် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းဖြစ်ကြောင်း သိရှိရသည်။

အမြတ်ထုတ်ယူသွား

ယင်းသင်တန်းများ၌ တက်ရောက်ခဲ့သည့် NLD လူငယ်များ၏ အင်္ဂလိပ်စာအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိဘဲ ၎င်းတို့က မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည်တို့မှ သိလိုသည်များကို အမြတ်ထုတ်ယူသွားသည့် သင်တန်းများသာဖြစ်ကြောင်းသိရှိရသည်။

အဆိုပါသံရုံးများအနေဖြင့် NLDပါတီနှင့်ပူးပေါင်း၍ တရားမဝင် သင်တန်းများ ဖွင့်လှစ်ပို့ချနေခြင်းသည် သံတမန်ကျင့်ဝတ်ကို ဖောက်ဖျက်ပြီး မြန်မာ့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေခြင်းသာဖြစ်ကြောင်း တွေ့ရှိရသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် မန်တုံ–နမ္မတူ လမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေမှုများနှင့် လမ်း၊ တံတားအခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီးနောက် သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်း လုပ်ငန်း၏ ကျားစခန်း ဘော်တွင်းဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များအား သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်း လုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာဦးတင်အောင်က ဘော်တွင်း သတ္တုတွင်း၏ လုပ်ငန်းပိုင်းဆိုင်ရာများကို ပဏာမရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

အလေးထားလုပ်ဆောင်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် ၁၉၈၀ခုနှစ်မှ စတင်၍ မြေပေါ် သတ္တုရိုင်းကို ဟင်းလင်းပွင့်နည်းဖြင့် တူးဖော်လျက် ကြိတ်ခွဲသန့်စင်နိုင်ရန် တည်ဆောက်ခဲ့သော ဘော်တွင်းသတ္တုရိုင်း သန့်စင်ရေးစက်ရုံသို့ ရောက်ရှိကြရာ ဒုတိယ အထွေထွေမန်နေဂျာ ဦးတင်အောင်က ယင်းစက်ရုံ၌ သတ္တုသန့်စင်ခဲမှုန့်၊ သွပ်မှုန့်အဖြစ် အဆင့်ဆင့် သန့်စင်ထုတ်လုပ်ပုံတို့ကို ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော် အကျိုးစီးပွားအတွက် အကြံကောင်း၊ ဉာဏ်ကောင်း ထုတ်၍ စေတနာထားပြီး လုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်၊ စံချိန်စံညွှန်းမီ သန့်စင်ပြီး ငွေစင်နှင့် ခဲစင်များ ထုတ်လုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစွာ ဆောင်ရွက်ကြရေး အလေးထားလုပ်ဆောင်ကြရန် မှာကြားသည်။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် မန်တုံ–နမ္မတူ–လားရှိုးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နမ္မတူ သတ္တုတွင်းရိပ်သာသို့ ရောက်ရှိကြပြီး အမှတ်(၁) သတ္တုတွင်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးအောင်ဝင်းက ဌာနဖွဲ့စည်းပုံ၊ နမ္မတူဘော်တွင်း သတ္တုတူးဖော်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာပါပါဖြင့် လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များအား နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းဖူးကြည်က မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

စမ်းသပ်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်အပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ဒေသ၏မြေအနေအထား၊ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံနှင့် ဈေးကွက်ရှိသော ရော်ဘာကိုပုဂ္ဂလိက လုပ်ငန်းရှင်များစမ်းသပ်စိုက်ပျိုးကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ရန်လိုကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများသည် လုပ်ငန်းကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဝမ်းစာဖူလုံရေးအတွက်လည်း စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စေတနာထက်သန်စွာ အကြံကောင်း ဉာဏ်ကောင်းများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် နမ္မတူ–လားရှိုးလမ်း အတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး ကျောက်မဲခရိုင် နမ္မတူမြို့ မန်စံကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးခြင်း အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နမ္မတူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းဖူးကြည်က ခြံစည်းရိုးကြက်ဆူပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးခြင်း အခမ်းအနား ကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက မန်စံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတာစိမ်း၊ ဒေသခံတိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့က စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဒေသခံတိုင်းရင်းသားများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မန်စံကျေးရွာအနီး လမ်းဘေးဝဲယာ၌ တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး သီးပွင့်စပြုနေသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုလေ့လာကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယင်းကြက်ဆူပင် မျိုးကောင်းမျိုးသန့်မှရရှိသည့် ရင့်မှည့်ကြက်ဆူစေ့များဖြင့် ထပ်ဆင့်မျိုးပွား၍ စိုက်ဧကကို ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားရန်နှင့် မျိုးပွားဖြန့်ဝေပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ဖြစ်ထွန်းအောင်မြင်

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် နမ္မတူ–လားရှိုး လမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြပြီး လမ်းဘေးဝဲယာရှိ နွေစပါးနှင့် ခြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်မှုများနှင့် လမ်းတံတားအခြေအနေတို့ကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြကာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ဆက်နွယ်နေသကဲ့သို့ အဖွဲ့ချုပ်၏လုပ်ရပ်များမှာလည်း နယ်မြေဒေသ မတည်မငြိမ်ဖြစ်စေရန်၊ တိုင်းရင်းသားအချင်းချင်း သွေးကွဲစေရန်၊ အချင်းချင်းမသင့်မတင့်ဖြစ်စေရန် ရေးရှုဆောင်ရွက်နေသည့် အနေအထားသို့ ရောက်ရှိနေသည်ကို မြင်တွေ့နေရပါကြောင်း၊ ထို့အပြင် SNLD ပါတီ (ဗဟို) အနေဖြင့် ဒေသခံတိုင်းရင်းသားများအား လူမျိုးရေးဝါဒများ အတင်းရိုက်သွင်းပြီး အမြင်ကျဉ်းမြောင်းသော စိတ်ထားဖြစ်ပေါ်စေရန် လုပ်ဆောင်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြိုကွဲစေရန် ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ တိုင်းရင်းသားလူငယ်များအတွင်း လူတိုင်းစာတတ်မြောက်မှုကို အားမပေးသည့်အတွက် ဒေသတွင်းဖွံ့ဖြိုးမှု အားနည်းနေသည်ကို မျက်ဝါးထင်ထင် တွေ့ရှိနေရပါကြောင်း၊ ၎င်းတို့အနေဖြင့် လက်ရှိ SNLD ပါတီတွင် ပါဝင်ပြီး ပါတီတာဝန်များကို ဆောင်ရွက်နေသော်လည်း SNLD ပါတီ (ဗဟို)၏ အမျိုးသားညီလာခံကြီးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုဆန့်ကျင်၍ အတ္တကြီးမားစွာ ဖော်ဆောင်လုပ်ကိုင်နေသည့် လွဲမှားသော လမ်းမှားလုပ်ရပ်များကို တွေ့မြင်နေရသည့်အတွက် စိတ်ပျက်နေပြီဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဒေသခံပြည်သူလူထုနှင့် ပူးပေါင်း၍ အေးချမ်းစွာ စိုက်ပျိုးစားသောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ ကလေးများအတွက် ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တက်ကြွစွာနှင့် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်သွားလိုသဖြင့် ၎င်းတို့ဆောင်ရွက်နေသော သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှလည်းကောင်း၊ SNLD ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီတာဝန်များမှလည်းကောင်း ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းနှင့် ကျင်းပနေသော အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ရာ၌လည်း လိုက်လံစွာ ထောက်ခံပါကြောင်းဖြင့် ဖော်ပြထားသည်။

သီပေါမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မူလက အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၀ဦးဖြင့် ဖွဲ့စည်းထားခဲ့ရာ ယခုအခါ ဥက္ကဋ္ဌ ဦးစိုင်းငို့ကွမ်း အပါအဝင် အဆိုပါ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၀ဦးလုံး နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်သွားကြပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားရေး အစဦးသယ်ပိုးခဲ့သော ဝိုင်အမ်ဘီအေအသင်း

၁၉၀၆ခုနှစ်တွင် ခေတ်ပညာတတ် မြန်မာလူငယ်များက ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း Young Men's Buddhist Association ဝိုင်၊အမ်၊ဘီ၊အေကို ဦးဆောင်တည်ထောင်ခဲ့သည်။ အသင်းဆောင်ပုဒ်အဖြစ် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ၊ စာလုံး လေးလုံးကို စကြာလေးကွက်အတွင်း၌ ရေးထိုးထားကာ အသင်းကြီး၏ တံဆိပ်အဖြစ် သတ်မှတ်သုံးစွဲခဲ့သည်။ ၂၀၀၆ခုနှစ် မေလတွင် အသင်းကြီး၏ သက်တမ်း နှစ်တစ်ရာ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံကို လက်နက်အားကိုးပြု၍ သိမ်းပိုက်ကြသော ကိုလိုနီနယ်ချဲ့အစိုးရသည် မြန်မာတို့၏မျိုးရိုးဇာတိ၊ ဘာသာစကားနှင့် စာပေ၊ ကိုးကွယ်သောဘာသာနှင့် ပညာရေးကို ပရိယာယ်မျိုးစုံဖြင့် ဖျောက်ဖျက်ရန်ကြိုးပမ်းနေရာ ခေတ်ပညာတတ် မြန်မာလူငယ်တို့က အသင်းဖွဲ့ပြီး (၁) မြန်မာမျိုးနွယ်ဇာတိကို ကာကွယ်စောင့်ရှောက်ရန်၊ (၂) မြန်မာစာ၊ မြန်မာစကားသည် ဒို့စာဒို့စကား၊ (၃) ဗုဒ္ဓဘာသာသည် မြန်မာတို့ ကိုးကွယ်သော ဘာသာ၊ (၄) မြန်မာ့အစဉ်အလာ ပညာရေးသည် မြန်မာတို့၏ သခင်ပညာရေးဟူသော ဦးတည်ကြွေးကြော်ချက်လေးရပ်နှင့် မြန်မာတို့၏ ဝံသာနုရက္ခိတတရားကို ဖော်ထုတ်ဆောင်ရွက်လာသည်။ တိုင်းချစ်ပြည်ချစ်၊ အမျိုးကိုချစ်သောစိတ်ဖြင့် ခေတ်ပညာတတ်လူငယ် ဦးဘဖေ၊ အမ်အေဦးမောင်ကြီး၊ ဒေါက်တာဦးဘရင်တို့က ဦးဆောင်ဖွဲ့စည်းရာ မြို့ကြီးများတွင် အလားတူ ဝိုင်အမ်ဘီအေအသင်းများ တည်ထောင်လာခဲ့ကြသည်။ အသင်းပေါင်း ၄၀၀ကျော်အထိ ရှိလာသည်။

အင်္ဂလိပ်အစိုးရက အိန္ဒိယအား ကိုယ်ပိုင်အုပ်ချုပ်ရေးကို ပေးမည်ဟု ကြေညာလိုက်သောအခါ မြန်မာနိုင်ငံ မကျန်ရစ်စေရန်အတွက် ဝိုင်အမ်ဘီအေအသင်းကြီးက ဦးဖေ၊ ဦးဘဖေ၊ ဦးမေအောင်နှင့် ဦးစုတို့အား ကိုယ်စားလှယ်ဖွဲ့၍ ကာလကတ္တားသို့ စေလွှတ်အရေးဆိုစေခဲ့သည်။ ၁၉၁၈ခု ဇွန်လ၌ ထုတ်ပြန်သော မွန်တေဂူ-ချမ်းဖို့ အစီရင်ခံစာတွင် မြန်မာ့အရေးကိစ္စကို ချန်ထားသည်ကိုတွေ့ရသောအခါ ၁၉၁၉ခု မေလတွင် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကိုလည်းကောင်း၊ ၁၉၂၀ပြည့်နှစ်တွင် ဦးဘဖေ၊ ဦးပု၊ ဦးသိမ်းမောင်တို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို လည်းကောင်း ဝိုင်အမ်ဘီအေက လန်ဒန်သို့စေလွှတ်ပြီး ဘိလပ်အစိုးရနှင့် တိုက်ရိုက် အရေးဆိုစေသည်။ အိန္ဒိယအား ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးပါက မြန်မာကိုလည်း ပေးပါမည်ဟူသော ကတိကိုရခဲ့သည်။

ဝိုင်အမ်ဘီအေသည် မြန်မာနိုင်ငံအရေး၊ အမျိုးသားရေး၊ မြန်မာ့ယဉ်ကျေးမှုကိုသာ ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ ဆောင်ရွက်မှုပေါင်းများစွာအနက် ထင်ရှားသော သာဓကတစ်ခုကို ဖော်ပြရပါလျှင် ရှူးဖိနပ်ပြဿနာ ဖြစ်ပါသည်။ အနောက်နိုင်ငံများတွင် သူတို့ကိုးကွယ်သော ဘုရားရှိခိုး ကျောင်းများသို့ဝင်လျှင်၊ နန်းတော်အိမ်တော်သို့ဝင်လျှင်၊ အကြီးအကဲများ ရှေ့သို့ ရောက်လာလျှင် ရိုသေလေးစားမှုသဘောနှင့် ဦးထုပ်ချွတ် ဦးညွှတ်အရိုအသေပေးကြပါသည်။ အလားတူ မြန်မာတို့သည် ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်းစသည့် အထွတ်အမြတ် နေရာများသို့ ဝင်ရောက်လျှင် ဖိနပ်ချွတ်ပြီး လက်အုပ်ချီကြသည်။

ဤ **မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံကို မြန်မာနိုင်ငံသို့ ရောက်လာသော နိုင်ငံခြားသားများအားလုံးက လေးစားလိုက်နာကြသော်လည်း နယ်ချဲ့တို့သည် မြန်မာဘုရင်များ လက်ထက်ကတည်းက ပြဿနာ လုပ်ခဲ့ကြသောကြောင့် မြန်မာ-အင်္ဂလိပ် သံတမန်ဆက်ဆံရေး မပြေပြစ်ခဲ့**ချေ။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝကျရောက်ခဲ့သောအခါ လက်စား ချေသည့်သဘောနှင့် အင်္ဂလိပ်အရာရှိကို ရှိခိုးဘုရားထူးရမည်၊ ၎င်းတို့အား သခင်ဟု ခေါ်ရမည်ဟု အမိန့်ထုတ်လာသည်။ စာသင်ကျောင်းများတွင် ကျောင်းသားများ စာသင်ခန်းဝင်လာပါက၊ ရှူးဖိနပ်စီးထားပါက ချွတ်ရန်မလို၊ မြန်မာဖိနပ်စီးထားပါက အပြင်တွင်ချွတ်ပြီးမှ ဝင်ရမည်၊ အင်္ဂလိပ် ဆရာ ဆရာမများကို ရှိခိုးရမည်ဟု အင်္ဂလိပ်ပညာမင်းကြီး မစ္စတာ အက်စ်ဒဘလျူကောစ်က အမိန့်ထုတ်သည်။

မြန်မာတို့သည် လူမျိုးဘာသာမရွေး သက်ကြီးဝါကြီး ဆရာသမားတို့အား ရိုသေရှိခိုးကြသော်လည်း အင်္ဂလိပ်ဆရာဆရာမများကို ရှိခိုးရမည်၊ ဖိနပ်ချင်းအတူတူ ရှူးဖိနပ်စီးခွင့်ပြုပြီး မြန်မာဖိနပ်ချွတ်ခဲ့ရမည်ဟူသော အမိန့်ကို မခံမရပ်နိုင် ဖြစ်လာကြသည်။ ဤတွင် မြန်မာ့ယဉ်ကျေးမှုကို ထိပါးရာရောက်သည်ဟု ဝိုင်အမ်ဘီအေက ကန့်ကွက်လာသည်။

ဒေါက်တာခင်မောင်ညွန့်

ထိုထက်ပို၍ လွန်ကဲလာသည်မှာ လူမျိုးဘာသာမရွေး မြန်မာဘုရား၊ ကျောင်း၊ ကန်သို့ ရောက်လာပါက ဖိနပ်ချွတ်ရသော ထုံးစံကို အခြားသော ဥရောပတိုက်သားများက လိုက်နာကြသော်လည်း နယ်ချဲ့တို့က မလိုက်နာကြပါ။ ထို့ကြောင့် သာသနာ့နယ်မြေပေါ်တွင် မည်သူမျှ ဖိနပ်စီးဝင်ခွင့်မပြုပါဟူသော မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် စာတန်းထိုး ချိတ်ဆွဲထားရသည်။

ဗြိတိသျှဘုရင်ခံချုပ်သည် တာဝန်အရ ဗြိတိသျှအင်ပါယာကြီးအတွင်းရှိ လက်အောက်ခံနိုင်ငံများသို့ တိုင်းခန်းလှည့်လည်ရသည်။ မြန်မာနိုင်ငံသို့လည်း ရောက်လာမည်ဖြစ်သောကြောင့် ထင်ရှားသောဘုရား၊ ကျောင်း၊ ကန်များကိုလည်း လေ့လာမည်ဖြစ်ရာ ဖိနပ်မစီးရဆိုင်းဘုတ်များကို ဖြုတ်သိမ်းထားရန် ကော်မရှင်နာမင်းကြီးက အဆင့်ဆင့်ညွှန်ကြားလာသည်။ ဗြိတိသျှအစိုးရဝန်ထမ်းများပါသော ဘုရားဂေါပကအဖွဲ့များက ညွှန်ကြားချက်အတိုင်း လိုက်နာကြသော်လည်းပြည်ရွှေဆံတော်ဘုရားဂေါပကအဖွဲ့က ယင်းကိစ္စကို ပြည်မြို့တွင်ရှိသော ဝတ်လုံတော်ရ ဦးသိမ်းမောင်(ဝိုင်အမ်ဘီအေ၊ အမှုဆောင်)ထံ သွားရောက်တိုင်ပင်ကြသည်။ ဦးသိမ်းမောင်မှာ ဘိလပ်က ဝတ်လုံဘွဲ့ရထားပြီး ဗြိတိသျှဥပဒေကို ကျွမ်းကျင်သော အသက် ၂၅နှစ်ကျော်သာ ရှိသေးသူဖြစ်သည်။ ဝတ်လုံဦးသိမ်းမောင်က ဆိုင်းဘုတ် ဖြုတ်မပေးရန် ပြောလိုက်ပါသည်။

ထိုအခါ ပြည်မြို့ လက်ထောက်ကော်မရှင်နာမင်းကြီး(အင်္ဂလိပ်)က ဦးသိမ်းမောင်အား သူ့ရုံးသို့ ဆင့်ခေါ်ပြောရာ ဦးသိမ်းမောင်က ယဉ်ကျေးမှုထုံးစံအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း၊ ဗြိတိသျှဖွဲ့ စည်းပုံအရလည်းကောင်း ဖိနပ်မစီးရဆိုင်းဘုတ်ကို ဖြုတ်မပေးနိုင်ကြောင်း ပြန်လည်ချေပလိုက်သောကြောင့် အင်္ဂလိပ် လက်ထောက်ကော်မရှင်နာမင်းကြီး အောင့်သက်သက်ဖြင့် အလျှော့ပေးလိုက်ရပြီး တိုင်းခန်းလှည့်လည်သော ခရီးစဉ်မှ ပြည်မြို့ကို ဖယ်ထုတ်လိုက်ရသည်။ ဤတွင် ဝိုင်အမ်ဘီအေသည် ဤကိစ္စကို လူသိရှင်ကြားဖြစ်စေရန် စာနယ်ဇင်းများတွင် ဖော်ထုတ်ရေးသားကြစေရာ "ရှူးဖိနပ်ပြဿနာ"ဟု တွင်လာပြီး ဝတ်လုံတော်ရကလေး ဦးသိမ်းမောင်သည်လည်း "ရှူးသိမ်းမောင်"ဟု တွင်လာသည်။

ထိုစဉ်က မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းနေကြသော မြန်မာသတင်းစာများအနက် သူရိယသတင်းစာသည် ထိပ်တန်းမှ ဦးဆောင်နေပြီး ဝိုင်အမ်ဘီအေ၏ အာဘော်သတင်းစာလည်းဖြစ်သည်။ ဝိုင်အမ်ဘီအေအသင်းဝင်လည်းဖြစ်သော ဝံသာနုရက္ခိတတရားနှင့်လည်း ပြည့်စုံသော၊ အင်္ဂလိပ်စာပေ စကားတွင်လည်း ကျွမ်းကျင်လှသော ဦးဘဖေ (ဘကြီးဘဖေ)သည် သူရိယသတင်းစာ၏ အယ်ဒီတာချုပ်ဖြစ်သည်။ ရွှေတိဂုံဘုရားပေါ် ဖိနပ်စီးတက်နေကြသော ဗြိတိသျှများနှင့် ဗြိတိသျှ အလိုတော်ရိ ဂေါပကအဖွဲ့ဝင်အချို့က မကန့်ကွက်ဘဲ မျက်ကွယ်ပြုနေသော သတင်းများ ရနေသောကြောင့် သူ့သတင်းစာတွင် ကာတွန်းရေးဆွဲဖော်ပြလိုက်ပါသည်။ အင်္ဂလိပ်ဇနီးမောင်နှံကို ဂေါပကလူကြီးနှစ်ဦးက သူတို့စီးလာသော ရှူးဖိနပ်မချွတ်ရအောင် ကျောပိုး၍ ခေါ်သွားသော ကာတွန်းပုံဖြစ်ပါသည်။ ကာတွန်းဟုဆိုသော်လည်း ကာရိကေးချား အမှန်ရှိနေသော ပုဂ္ဂိုလ်၏ရုပ်သွင်ကို မှန်းဆသိမြင်နိုင်သည်ဖြစ်ရာ ထိုစဉ်က ဗြိတိသျှအလိုတော်ရိ ဂေါပကလူကြီးနှစ်ဦးပုံနှင့် တူသည်။ အလားတူ အင်္ဂလိပ်ဇနီးမောင်နှံသည်လည်း ဖိနပ်မချွတ်ဘဲ ကုန်းတော်သို့တက်လေ့ရှိသော အင်္ဂလိပ်အရာရှိ ဇနီးမောင်နှံရုပ်သွင်နှင့် တူသည်။

ကာတွန်းပါ သတင်းစာထွက်လာသောနေ့မှာပင် အင်္ဂလိပ်လူမျိုး ရဲမင်းကြီး မစ္စတာရုတ်တယ်က ဦးဘဖေအား ဖုန်းဆက်၍ သူ့ရုံးသို့ ဆင့်ခေါ်သည်။ ရဲမင်းကြီးက ကာတွန်းပါသော သတင်းစာမျက်နှာကို ထိုးပြလိုက်ပါသည်။ "ဒါ ဘာသဘောလဲ"ဟု ခပ်မာမာပြောပါသည်။ ဦးဘဖေက "မြန်မာ့ယဉ်ကျေးမှု ထိပါးလို့ ပြည်သူတွေက ကန့်ကွက်တာပါ" ဟု ပြန်ပြောရာ ရဲမင်းကြီးက ဒေါသဖြစ်ပြီး"ကာတွန်းဆရာရေမင်းကိုပါ အသရေဖျက်မှုပုဒ်မနဲ့ တရားစွဲမယ်၊ မင်းခုခံဖို့သာ ပြင်တော့"ဟု ငေါက်ပြောပါသည်။ ဦးဘဖေက လေအေးအေးနှင့် "ကာတွန်းမှာ နာမည်ရော ရာထူးပါ ဖော်ပြမထားတာကြောင့် အသရေဖျက်ပါတယ်လို့ ဘယ်သူက စွပ်စွဲမှာလဲ ရဲမင်းကြီးရဲ့၊ သက်ဆိုင်ရာလူရှိရင် သူ့ဘာသာ တရားစွဲရမှာ၊ ရဲမင်းကြီးက ကြားကနေ ကိုယ့်အလုပ်မဟုတ်ဘဲနဲ့ ဝင်စွက်နေတာ ဥပဒေကြောင်းအရ အန္တရာယ်ရှိတယ်နော်"ဟု ပြောလိုက်သောအခါ ရဲမင်းကြီးမစ္စတာရုတ်တယ် ငြိမ်ကျသွားပြီး "ဘဖေ မင်းပြန်တော့ကွာ" ဟု ပြောသောကြောင့် ဦးဘဖေ နှုတ်ဆက်ထွက်လာခဲ့သည်။ ဤဆောင်းပါး ရေးသူသည် ၁၉၆၉ခုနှစ် ဒီဇင်ဘာလအတွင်းက သက်ရှိထင်ရှား ရှိနေသေးသော ရှူးဦးသိမ်းမောင်နှင့် ဘကြီးဘဖေတို့အား ကိုယ်တိုင် တွေ့ဆုံမေးမြန်းစဉ် ၎င်းတို့ကိုယ်တိုင် အထက်ပါအတိုင်း ပြောပြ၍ မှတ်သားထားခဲ့ခြင်း ဖြစ်ပါသည်။

နှစ်တစ်ရာ သက်တမ်းရှိလာသော ဝိုင်အမ်ဘီအေသည်ကား ဝံသာနုရက္ခိတ တရားထွန်းကားရေးနှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်။

ထိုအချိန်မှစပြီး ရှူးဖိနပ်ပြဿနာ၊ အင်္ဂလိပ်တို့အား ရှိခိုး၊ ဘုရားထူး၊ သခင်ခေါ်ရသော မြန်မာ့ယဉ်ကျေးမှု ထိပါးသော ကိစ္စများကို ဝိုင်အမ်ဘီအေက ဦးဆောင်၍ အနုနည်း ကလောင်စွမ်းအားနှင့် ခုခံခဲ့သည်။

ဝိုင်အမ်ဘီအေသည် မင်္ဂလာစာမေးပွဲများ ကျင်းပပြီး စာရိတ္တ မြှင့်တင်ရေး ဆောင်ရွက်သည်။ (၁၂)ကြိမ်မြောက် မင်္ဂလာစာမေးပွဲတွင် ဖြေဆိုသူပေါင်း ၂၅၇၂၁၁ဦး အထိရှိလာသည်။ မင်္ဂလာ စကောလားရှစ်ဆုများ ချီးမြှင့်ပေးခဲ့သည်။ အခါအားလျော်စွာ အသင်းတိုက်၌ မြန်မာ့သမိုင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဟောပြောပွဲများ၊ ပို့ချမှုများပြုလုပ်သည်။ ကျန်းမာရေးအတွက် မြန်မာ့ရိုးရာ အားကစားများ ကျင်းပပေးသည်။

နှစ်တစ်ရာ သက်တမ်းရှိလာသော ဝိုင်အမ်ဘီအေသည်ကား ဝံသာနုရက္ခိတတရား ထွန်းကားရေးနှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အဓိကအခန်းကဏ္ဍမှပါဝင် ခဲ့ပါကြောင်း ဝိုင်အမ်ဘီအေအသင်း၏ နှစ်တစ်ရာပြည့်မြောက်သည့် အခါသမယတွင် ဂုဏ်ပြုရေးသား ဖော်ပြအပ်ပါသည်။ ။

မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံကို မြန်မာနိုင်ငံသို့ ရောက်လာသော နိုင်ငံခြားသားများ အားလုံးက လေးစားလိုက်နာကြသော်လည်း နယ်ချဲ့တို့သည် မြန်မာဘုရင်များ လက်ထက်ကတည်းက ပြဿနာလုပ်ခဲ့ကြသောကြောင့် မြန်မာ-အင်္ဂလိပ် သံတမန်ဆက်ဆံရေး မပြေပြစ်ခဲ့။

ရှာင်မြို့နယ် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း

လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှု၊ သတ်မှတ်ချိန်ပြီးစီးရေး မှာကြား

ရန်ကုန် မေ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧပြီ ၃၀ ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ်၊ မြို့ကြီးကျေးရွာအနီး၌ တည်ဆောက်နေသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ပင်မတမံ တည်ဆောက်နိုင်ရန်အတွက် ဓော်ဂျီမြစ်၏ လက်ဝဲ၊လက်ယာကမ်းနှစ်ဖက်၌ တမံဆက်စပ်မည့် နေရာများကို အောက်ခြေမြေသားရှင်းလင်းပြီးစီးမှု၊ မတ် ၃ ရက်တွင် ဓော်ဂျီ မြစ်ရေလွှဲတူးမြောင်း တည်ဆောက်ပြီးစီး၍ ရေလွှဲပေးနိုင်မှု၊ ရေစီမံ့တားနံရံတည်ဆောက်နေမှုရေလွှဲဥမင်လိုဏ်နှင့် လျှပ်စစ်ဥမင်လိုဏ် တည်ဆောက်နေမှုနှင့် ရေပိုလွှဲတည်ဆောက်နိုင်ရန်ဘူမိဗေဒမြေသားစမ်းသပ်မှုတို့ကို လုပ်ငန်းပိုင်းတစ်ခုစီအလိုက် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်ပြီးစီးအောင် သေသပ်ခိုင်ခံ့စွာဖြင့် တည်ဆောက်ရေး မှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ရှုရပ်အမြင့်ပိုင်းမှ ပင်မတမံတည်ဆောက်သည့်လုပ်ငန်းနှင့် ဓော်ဂျီမြစ်ရေလွှဲမှု၊လက်ဝဲဘက်ကမ်းမှ လက်ယာဘက်ကမ်းသို့ စက်ယန္တရားများဖြင့် လုပ်ငန်းဝင်နိုင်ရန်တန်ချိန်၂၀ခံနိုင်အားရှိသည့် ယာယီသစ်သားမြစ်ကူးတံတား တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အလျား၂၄၆၁ပေ၊ အမြင့်၂၅၈ပေ ရှိမည့် ပင်မတမံတည်ဆောက်ရန် အလျား ၁၅၃၅ပေ၊ အနက်ပေ၅၀ရှိ ရေစီမံ့တားနံရံ တည်ဆောက်နေမှုလုပ်ငန်းနှင့် ပြီးစီးသောအပိုင်းတို့ကိုလည်းကောင်း၊ အလျား၁၅၇၅ပေ၊ အချင်း၁၈ ပေရှိသည့် မြင်းခွာပုံရေလွှဲဥမင်လိုဏ် အဝင်ပိုင်း၌ စက်ယန္တရားဖြင့် ၂၇ ပေ ဖောက်လုပ်ပြီးစီးမှုအပိုင်းနှင့် ဆက်လက်ဖောက်လုပ်မှုကိုလည်းကောင်း၊ အဝင်ပိုင်းနှင့်တစ်ပြိုင်တည်း ရေလွှဲဥမင်အထွက်ပိုင်း၌ စက်ယန္တရားများဖြင့် စတင်၍ ကျောက်သားနံရံဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသည် တည်ဆောက်ပြီးဖြစ်သည့် ရပ်စောက်မြို့နယ် ဓော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်ရေနှင့် ရပ်စောက်မြို့နယ်၌ ထပ်မံတည်ဆောက်မည့် ကျိုင်းခမ်း ရေလှောင်တမံတို့မှ ရရှိမည့် ရေအပြင် မြို့ကြီးရေလှောင်တမံအထက်ဘက် ရေဆင်းဧရိယာများမှ စီးဆင်းရေများကို ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် တည်ဆောက်နေသည့် ရေလှောင်တမံ စီမံကိန်းဖြစ်သည်။

ရေအားလျှပ်စစ် ၂၄ မဂ္ဂါဝပ် ထုတ်ပေးမည်

စီမံကိန်းပြီးစီးပါက ကျောက်ဆည်ခရိုင်အတွင်းရှိ ဓော်ဂျီရေသောက်စနစ်သို့ ရေပမာဏဧကေ ပေငါးသိန်းခန့်၊ မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏဧကေ ပေလေးသိန်းခန့်တို့ကို လွှတ်ပေးနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်၂၄မဂ္ဂါဝပ် ထုတ်ပေးနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အစ်ကိုကြီး ဦးယုကြည်အားရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ဌာနရပ်ကွက် ဧရာဝတီလမ်း အမှတ် ၂၇ နေ ဦးတင်ဦး-ဒေါ်ကျင်အေးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းတစ်သောင်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေလူထုဝိုင်းဝန်းပါဝင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ဒို့တာဝန်အရေးသုံးပါးထိန်းသိမ်းကာကွယ်

ရန်ကုန် မေ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် မေ ၆ရက်မွန်းလွဲပိုင်းက ပျဉ်းမနားဘူတာသို့ရောက်ရှိပြီး ဆက်လက်၍ မြန်မာ့မီးရထားတိုင်း(၅)မှတာဝန်ရှိသူများ၊ ပျဉ်းမနားခရိုင်နှင့်လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့ လိုက်ပါ၍ လယ်ဝေးမြို့နယ် သစ်ပုတ်ပင် ကျေးရွာသို့ရောက်ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း အမှတ် (၅၆) သစ်စက်ခန်းမတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများအား အမှာစကားပြောကြားစဉ်။ (မီးရထား)

ဝန်ကြီးသည် သစ်ပုတ်ပင်ကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်းအမှတ် (၅၆)သစ်စက်ခန်းမ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေလူထုကလည်း တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရေး၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး မှာကြားသည်။

ဆက်လက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်စိုး၊ ရပ်မိရပ်ဖ ဦးဝင်းအောင်နှင့်ဦးအောင်ကြည်တို့က လိုအပ်ချက်များတင်ပြရာ ဗဟိုအလုပ်အမှုဆောင်က တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများကို ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် သစ်ပုတ်ပင်ချောင်းကူးကျေးလက် ဖွံ့ဖြိုးရေး တံတား တည်ဆောက်မည့်နေရာသို့ ရောက်ရှိရာ မြန်မာ့မီးရထားတိုင်း(၅)မှ လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ) ဦးသန်းဌေးက တံတားတည်ဆောက်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က လိုအပ်ချက်များမှာကြား ဖြည့်ဆည်းပေးသည်။

ပြုပြင်မွမ်းမံ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် သစ်ပုတ်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းစာသင်ခန်းများ ပြုပြင်မွမ်းမံရေး အတွက် လိုအပ်သည်များ စီစဉ်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံရေဒီယိုဉာဏ်စမ်း ပဟေဠိပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မေ ၈

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံ အကြောင်းသိကောင်း စရာများအတွက် အပတ်စဉ် စနေနေ့ နံနက်၉နာရီ၄၅မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

၂၀၀၆ခုနှစ် ဧပြီလ မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မေ၄ရက် နံနက်ပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက် ဖြေဆိုကြသည်။ ဖြေဆိုသူများအနက် ပထမဆုကို နန်းဟွမ်လျှိုး ကျိုင်းတုံမြို့နယ် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဒုတိယဆုကို မမေသော်တာဦး ဒဂုံမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆုကို မအောင်အောင်နွယ် တာမွေမြို့နယ် ရန်ကုန်တိုင်းနှင့် နှစ်သိမ့်ဆုကို မထူးနန္ဒာဦး မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းတို့က အသီးသီးရရှိ ပြီးဆုများကို တာဝန်ရှိသူက ပေးအပ်သည်။

လစဉ် ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံဉာဏ်စမ်းပဟေဠိအစီအစဉ်ကို ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်/တိုင်းအသီးသီးမှ ဝါသနာရှင်များ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေး သွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၆ ရက်က အောင်ပွဲရ ရန်ကုန်တိုင်း လူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၇ ရပ်ကွက် မဟာဗန္ဓုလလမ်း အမှတ် ၂၄/၂၅ ၌ ကျင်းပရာ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေထံ အသင်းအုပ်ချုပ်သူ ဦးခင်မောင်လတ် (အောင်တံခွန်သယ်ယူပို့ဆောင်ရေး)က တံခွန်စိုက်ဆုဖလားအား လွှဲပြောင်းပေးအပ်စဉ်။ (မြန်မာ့အလင်း)

လှည်းကူးတွင် အထွက်တိုးစပ်မျိုးစပါးရိတ်သိမ်း တစ်ဧက ၁၅၆ တင်းနှုန်းထွက်ရှိ

ရန်ကုန် မေ ၈

KAMA-3, KAMA-4, KAMA-5 Super-hybrid နှင့် အထွက်တိုး စပ်မျိုးစပါးရိတ်သိမ်းပွဲ အခမ်းအနားကို မေ ၅ရက်က ရန်ကုန်တိုင်းလှည်း ကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာ၌ ကျင်းပရာYuan Longping Heigh Tech Agriculture Co., Ltd.အမှုဆောင် အရာရှိချုပ် Mr. Liu Guodongက စပ်မျိုးစပါး အကြောင်းကို လည်းကောင်း၊ Kama Longping Comမှ စိုက်ပျိုးရေးပညာရှင် ဦးကျော်မင်းက KAMA-3, KAMA-4, KAMA-5 စပ်မျိုးစပါးများ လက်တွေ့စိုက်ပျိုးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြ၍ မေးမြန်း ဆွေးနွေးချက်များကို တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

၂၀၀၅-၂၀၀၆ခုနှစ် နွေစပါး စိုက်ပျိုးမှုကို လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာအနီးရှိ စမ်းသပ်စိုက်ကွင်း၌ စိုက်ပျိုးခဲ့ရာKAMA-3 စပ်မျိုးစပါးတစ်ဧကလျှင်၁၇၂တင်း၊ KAMA - 4 စပ်မျိုးစပါးတစ်ဧကလျှင် ၁၄၈ တင်း၊ KAMA-5စပ်မျိုးစပါး တစ်ဧကလျှင် ၁၅၆ တင်းထွက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ကန့်လန့်ကာအပိတ် ချန်ပီယံချယ်လ်ဆီး၊ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်တို့ အနေအထား

လန်ဒန် မေ ၈

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ကန့်လန့်ကာပိတ်စပြုလေပြီ။ ဘောလုံး ပရိသတ်များ ရင်ခုန်မျှော်လင့်ထားသလိုပင် ပရီမီယာလိဂ်၊ လာလီဂါနှင့် ဘွန်ဒတ်လီဂါတို့တွင် ယခင်နှစ်များက ဗိုလ်စွဲခဲ့ကြသော အသင်းများပင် ထပ်မံဖလား ဆွတ်ခူးနိုင်ခဲ့ကြရာ ဘောလုံးသမားကောင်းများကို စုစည်းထားနိုင်သော အသင်း၊ ခြေမှန်သောအသင်းများ ဖလား ရရှိခဲ့ကြသည်ကို တွေ့ရှိရပေသည်။

ပရီမီယာလိဂ်ချန်ပီယံချယ်လ်ဆီး

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားများကို ဈေးကြီး ပေးဝယ်ယူစုဆောင်းထားသော ချယ်လ်ဆီးအသင်း ယခု

ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ချန်ပီယံ ဖြစ်အောင် စွမ်းဆောင်သူများတွင် ပါဝင်သည့် ဖရင့်လမ်းပတ်။ (ဓာတ်ပုံ-အင်တာနက်)



နှစ်၌ ပရီမီယာလိဂ်ဖလားကို ထပ်မံဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ချယ်လ်ဆီးတို့ ယခုနှစ် ပရီမီယာလိဂ်ဖလားရရှိရေး အဆုံးအဖြတ်ပွဲအဖြစ် မန်ယူနှင့် မိမိကွင်း၊ မိမိပရိသတ်ရှေ့တွင် ကစားခဲ့ရာ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အနိုင်ဂိုးများကို ပွဲချိန် ၅ မိနစ်တွင် နောက်ခံလူ ဂါးလက်စ်၊ ၆၁မိနစ်တွင် ဂျိုကိုးလ်နှင့် ၇၃ မိနစ်တွင် နောက်ခံလူ ကာဗဲလ်ဟိုတို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။

ချယ်လ်ဆီးတို့ ယခုနှစ် ပရီမီယာလိဂ်ဖလားကို ရယူရာတွင် ၃၇ပွဲကစားအပြီး ၉၁မှတ်ဖြင့်ဗိုလ်စွဲခဲ့ရာ ပြီးခဲ့သည့် ဘောလုံးရာသီ၌ဗိုလ်စွဲခဲ့သည့် မှတ်တမ်းရလဒ်နှင့် အမှတ်ရရှိမှု အားနည်းခဲ့သည်။ ပြီးခဲ့သည့် ၂၀၀၄-၂၀၀၅ ပရီမီယာလိဂ် ဖလားရရှိခဲ့စဉ်က ၃၈ ပွဲကစား ၉၅ မှတ်ရကာ ယခုနှစ် ဗိုလ်စွဲခဲ့ရာတွင် ၃၈ ပွဲကစား ၉၁ မှတ်သာ ရရှိခဲ့သည်။ နည်းပြ မော်ရင်ဟို လက်ထက်တွင် ဆက်တိုက် ပရီမီယာလိဂ် ချန်ပီယံဖြစ်လာသော ချယ်လ်ဆီးသည် ယခင်က ပရီမီယာလိဂ်တွင် ၂၀၀၁-၂၀၀၂ ၌ အဆင့်-၆၊၂၀၀၂-၂၀၀၃တွင် အဆင့်-၄၊ ၂၀၀၃-၂၀၀၄တွင် အဆင့်-၂ သာ ရရှိခဲ့သည်။ ချယ်လ်ဆီးတို့ ချန်ပီယံဖြစ်ရန် အဓိက စွမ်းဆောင်ခဲ့သည့် ကစားသမားများမှာ ယခုနှစ်၌ တစ်ဦးတည်း ၁၆ ဂိုးသွင်းပေးသည့် လမ်းပတ်၊ တစ်ဦးတည်း ၁၂ဂိုး သွင်းနိုင်ခဲ့သည့် ဒရော့ဘာ၊ တစ်ဦးတည်း ၁၀ ဂိုးသွင်းပေးခဲ့သည့် ခရက်စပိုနှင့် ရှစ်ဂိုးသွင်းပေးခဲ့သည့် ဂျိုကိုးလ်တို့ဖြစ်သည်။ ချယ်လ်ဆီး၏သမိုင်းတွင် ယခုအောင်မြင်မှုများမှာ အမြင့်ဆုံး အောင်မြင်မှုများပင် ဖြစ်သည်။

လာလီဂါချန်ပီယံ ဘာစီလိုနာ

စပိန်လာလီဂါတွင် ဘာစီလိုနာတို့ နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ပြန်ပြီ ဖြစ်သည်။ ၂၀၀၄-၂၀၀၅ ခုနှစ်က ဒုတိယ

စပိန်လာလီဂါတွင် ဘာစီလိုနာအသင်းကို ဗိုလ်စွဲအောင် အဓိကစွမ်းဆောင်ခဲ့သူ ရော်နယ်ဒင်ဟို။ (ဓာတ်ပုံ-အင်တာနက်)

နေရာမှ ရီးယဲမက်ဒရစ်နှင့် လေးမှတ်ကွာပြီး အနိုင်ရဗိုလ်စွဲခဲ့သလို ယခုနှစ် ၂၀၀၅-၂၀၀၆ တွင်လည်း ဒုတိယနေရာမှ ဗလင်စီယာနှင့်သုံးမှတ်ကွာ ၈၂မှတ်ဖြင့် ဗိုလ်စွဲခဲ့ပြန်သည်။

လာလီဂါတွင် ဘာစီလိုနာကို အောင်မြင်မှုများရရှိအောင် ဆောင်ကြဉ်းရာ၌ တိုက်စစ်မှူး ရော်နယ်ဒင်ဟို၏ အခန်းကဏ္ဍမှာ အဓိကနေရာမှပါဝင်လျက်ရှိသည်။ အသက် (၂၆)နှစ်အရွယ်ရှိပြီး ၁ ဒသမ ၈၁ မီတာသာ အရပ်ရှိသော ရော်နယ်ဒင်ဟိုသည် ဘာစီလိုနာ လာလီဂါချန်ပီယံဖြစ်အောင် အဓိကဂိုးများ ဖန်တီးပေးခဲ့သူဖြစ်သည်။

ရော်နယ်ဒင်ဟိုသည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာ အတွက် စုစုပေါင်း ၁၇ဂိုး သွင်းပေးနိုင်ခဲ့ပြီး တိုက်စစ်မှူး အီတူးကလည်း တစ်ဦးတည်း ၂၅ဂိုး သွင်းပေးနိုင်ခဲ့သည်။ ဘာစီလိုနာ ချန်ပီယံဖြစ်အောင် စွမ်းဆောင်သူများတွင် အီတူး၊ရော်နယ်ဒင်ဟို၊ လာဆင်၊ မက်ဆီနှင့် ဂူလီတို့က အဓိကနေရာမှ ပါဝင်ခဲ့သည်။

လာလီဂါတွင် ဘာစီလိုနာ၏ သမိုင်းမှတ်တမ်းမှာ ၂၀၀၁-၂၀၀၂တွင် အဆင့်-၄၊ ၂၀၀၂-၂၀၀၃တွင် အဆင့်-၆၊ ၂၀၀၃-၂၀၀၄တွင် အဆင့်-၂ရရှိခဲ့ပြီး ၂၀၀၄-၂၀၀၅နှင့် ၂၀၀၅-၂၀၀၆ တို့တွင် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့ခြင်း ဖြစ်သည်။ ရော်နယ်ဒင်ဟိုကြောင့် ဘာစီလိုနာတို့ လာလီဂါဖလားရရှိခဲ့သည်ဟုဆိုသော် မှားမည်မထင်ချေ။

ဘွန်ဒတ်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်

မေ ၆ရက်က အင်ထရက်ချ်ဖရန့်ဖတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ၂၀၀၅-၂၀၀၆ဘောလုံးရာသီ၌ ဘွန်ဒတ်လီဂါချန်ပီယံအဖြစ် ဘိုင်ယန်မြူးနစ်တို့ ကြေညာနိုင်ခဲ့သည်။ ၂၀၀၄-၂၀၀၅ဘောလုံးရာသီ၌ ၃၄ပွဲကစားပြီးချိန်တွင် ၇၇မှတ်ဖြင့် ဗိုလ်စွဲခဲ့သော်လည်း ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ၃၅ပွဲကစား ၇၄မှတ်ဖြင့် ဗိုလ်စွဲနိုင်ခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒတ်လီဂါ၌ ဗိုလ်စွဲနိုင်ခဲ့ခြင်းမှာ မက်ကိုင်းနှင့် မိုက်ကယ်ဘောလက်တို့ကြောင့်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်း အောင်ပွဲများ ရရှိအောင် အဓိက စွမ်းဆောင်နိုင်ခဲ့သူများဖြစ်သည်။ တိုက်စစ်မှူး မက်ကိုင်းမှာ ဘိုင်ယန်မြူးနစ်အတွက် ယခုနှစ် ဘောလုံးရာသီတွင် ၁၆ဂိုးသွင်းပေးနိုင်ခဲ့သလို မိုက်ကယ်ဘောလက်ကလည်း ၁၃ ဂိုး သွင်းပေးနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒတ်လီဂါ၌ ချန်ပီယံဖြစ်ခဲ့ခြင်းမှာ မက်ကိုင်း၊ မိုက်ကယ်ဘောလက်၊ ပီဇာရို၊ ခရစ်ဖ်နှင့် ဂေါရီတို့က အဓိက မောင်းနှင်ပေးခဲ့ခြင်းဖြစ်ပြီး နှစ်နှစ်ဆက်တိုက် ထိုက်ထိုက်တန်တန် ဘွန်ဒတ်လီဂါဖလား ရရှိခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်၏ ပြီးခဲ့သည့် ငါးနှစ်ကြာသမိုင်းတွင် ၂၀၀၁-၂၀၀၂၌ အဆင့်-၃၊ ၂၀၀၂-၂၀၀၃၌ ချန်ပီယံ၊ ၂၀၀၃-၂၀၀၄၌ဒုတိယ၊ ၂၀၀၄-၂၀၀၅နှင့် ၂၀၀၅-၂၀၀၆ တို့တွင် ချန်ပီယံဟူသော မြင့်မားသည့် သမိုင်းရလဒ်ရှိနေသည်။ ထို့အပြင် ချန်ပီယံ နှစ်ကြိမ်ဆက်တိုက်ဖြစ်ခဲ့သည့် အသင်း အဖြစ် ပထမဆုံးအကြိမ် ဘွန်ဒတ်လီဂါသမိုင်းတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။ **(အင်တာနက်)**

ဂျာမနီဘွန်ဒတ်လီဂါတွင် ဘိုင်ယန်မြူးနစ်အသင်းကို နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲအောင် ကြိုးစားပေးခဲ့သူ တိုက်စစ်မှူး မိုက်ကယ်ဘောလက်။ (ဓာတ်ပုံ-အင်တာနက်)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယနေ့စတင်ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး **ကိုဇော်**

ရန်ကုန် မေ ၈

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက် (ကွာတားဖိုင်နယ်)ပွဲစဉ်များကို မေ ၉ ရက် (ယနေ့) **ညနေ ၃ နာရီခွဲမှစတင်၍ အောင်ဆန်းအားကစား ပြိုင်ကွင်းနှင့် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

ညှိနှိုင်းစည်းဝေး

(၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက် (ကွာတားဖိုင်နယ်)ပွဲစဉ်ရေးဆွဲခြင်းနှင့် အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အိုလံပစ်ဟိုတယ်-၂၌ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ကြသည်။

အသင်းအုပ်ချုပ်သူများ ညှိနှိုင်းအစည်းအဝေးအပြီးတွင် ဒုတိယအဆင့် ရှုံးထွက်(ကွာတားဖိုင်နယ်)ပွဲစဉ်များကို မဲနှိုက်ရေးဆွဲသည်။ ရှုံးထွက် ပွဲစဉ်များရေးဆွဲရာတွင် အုပ်စုပထမရရှိကြသော အသင်းလေးသင်းကို ကြိုတင်နေရာချထားပြီး အုပ်စုဒုတိယရရှိကြသော အသင်းလေးသင်းကို မဲနှိုက်၍နေရာချထားပေးသည်။ ပထမအဆင့်အုပ်စုပွဲစဉ်များ မေ ၇ ရက်က ပြီးဆုံးခဲ့ရာ ဒုတိယအဆင့်သို့ ရှစ်သင်း တက်ရောက်လာခြင်းဖြစ်သည်။

ကွာတားဖိုင်နယ်

ပွဲစဉ်ရေးဆွဲထားမှုအရ ပထမကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်း၊ ဒုတိယ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်း၊ တတိယ ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် စစ်ကိုင်းတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်း၊ စတုတ္ထ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ယှဉ်ပြိုင်ရမည်

မေ ၉ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ရန်ကုန်တိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်းတို့ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။ မေ ၁၀ ရက် ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စစ်ကိုင်းတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ဆုံတွေ့မည်

အုပ်စုလမ်းကြောင်းအရ မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် ရန်ကုန်တိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်းတို့၏ပွဲစဉ်မှ အနိုင်ရရှိသည့် အသင်းတို့ ပထမအကြိမ် ဗိုလ်လုပွဲ၌ ဆုံတွေ့ကြမည်ဖြစ်သည်။ စစ်ကိုင်းတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းနှင့် မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းတို့၏ ပွဲစဉ်မှ အနိုင်ရရှိသည့်အသင်းတို့ ဒုတိယအကြိုဗိုလ်လုပွဲ၌ ဆုံတွေ့ကြမည်ဖြစ်သည်။

ပထမအကြိုဗိုလ်လုပွဲစဉ်ကို မေ ၁၂ ရက်တွင်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို မေ ၁၃ ရက်တွင် လည်းကောင်း၊ တတိယနေရာလုပွဲကို မေ ၁၅ ရက်တွင် လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲစဉ်ကို မေ ၁၆ ရက်တွင် လည်းကောင်း အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ပြိုင်ဘက်ဟောင်း

ယခုနှစ် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် အသင်းကြီးများ ဂိုးလှိုင်လှိုင်သွင်း၍ ခြေစွမ်းပြလျက်ရှိသည်။ ယမန်နှစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ရန်ကုန်တိုင်းအသင်းက ဧရာဝတီတိုင်းအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ ယခုပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်း အနေဖြင့် ပြိုင်ဘက်ဟောင်းများဖြစ်ကြသော မွန်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ကို ဗိုလ်လုပွဲ၌သာ ရင်ဆိုင်ယှဉ်ပြိုင်ရမည့် အနေအထားရှိနေသည်။

အုပ်စု (ဂ)

ရန်ကုန်တိုင်းအသင်းသည် အုပ်စု (ဂ)၌ပါဝင်ပြီး တနင်္သာရီတိုင်းအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုပထမဖြင့် တက်လာခြင်းဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းက တနင်္သာရီတိုင်းအသင်းကို ၁၂ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူကာ အုပ်စုဒုတိယ ရရှိခဲ့သည်။

အုပ်စု(ခ)

မန္တလေးတိုင်းအသင်းသည် အုပ်စု (ခ)၌ ပါဝင်ပြီး ဧရာဝတီတိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရခိုင်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ ကရင်ပြည်နယ်အသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အုပ်စုပထမဖြင့် တက်လာခြင်းဖြစ်သည်။ ဧရာဝတီတိုင်းအသင်းက ကရင်ပြည်နယ်အသင်းကို ၁၀ဂိုး-ဂိုးမရှိ၊ ရခိုင်ပြည်နယ်အသင်းကို ၁၆ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ အုပ်စုဒုတိယ ရရှိခဲ့သည်။

အုပ်စု(ဃ)

စစ်ကိုင်းတိုင်းအသင်းသည် အုပ်စု(ဃ)၌ ပါဝင်ပြီး ကချင်ပြည်နယ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ပဲခူးတိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ အုပ်စုပထမဖြင့် တက်လာခြင်းဖြစ်သည်။ ပဲခူးတိုင်းအသင်းက ကချင်ပြည်နယ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ အုပ်စုဒုတိယရရှိခဲ့သည်။

အုပ်စု(က)

မွန်ပြည်နယ်အသင်းသည် အုပ်စု (က)၌ ပါဝင်ပြီး မကွေးတိုင်းအသင်းကို ၁၄ဂိုး-ဂိုးမရှိ၊ ကယားပြည်နယ် အသင်းကို ၁၁ဂိုး-ဂိုးမရှိ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းကို ၁၅ဂိုး-ဂိုးမရှိ ဖြင့် အနိုင်ရရှိကာ အုပ်စုပထမဖြင့် တက်လာခြင်းဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းက ကယားပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ မကွေးတိုင်းအသင်းကို ခြောက်ဂိုး-သုံးဂိုး ဖြင့် အနိုင်ယူကာ အုပ်စုဒုတိယရရှိခဲ့သည်။

အကြိတ်အနယ်

ပထမအဆင့်အုပ်စုအမှတ်ပေးပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစွမ်းအရဆိုလျှင် မန္တလေးတိုင်းအသင်း၊ ရန်ကုန်တိုင်းအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းရန် အလားအလာကောင်းလျက်ရှိသည်။ ကွာတားဖိုင်နယ်ပွဲစဉ်များအနက် စစ်ကိုင်းတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့၏ပွဲစဉ်မှာ အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်သည်။ ဧရာဝတီတိုင်းက အုပ်စုဒုတိယဖြင့် တက်လာခြင်းဖြစ်သော်လည်း အနိုင်ရသောပွဲနှစ်ပွဲတွင် ဂိုးသွင်းစွမ်းရည် ပြသနိုင်ခဲ့သည်။ ရှုံးထွက်ပွဲစဉ်များဖြစ်သည်နှင့်အညီ အသင်းတိုင်းက ခြေကုန်ထုတ်၍ ရေကုန်ရေခန်း ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အကြိတ်အနယ်ရှိသော ပွဲကောင်းများ ကြည့်ကြရမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ
မထင်မှတ်သောရလဒ်များ ဖန်တီးနိုင်သည့် အင်ဂိုလာအသင်းအနေအထား

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်ဂိုလာအသင်း နည်းပြ လူးဝစ္စအိုလီဗီရာဂွန်ကာလ်ဗတ်စ်။
(ဓာတ်ပုံ–အင်တာနက်)

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ဘာလင် မေ ၈

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရန် အချိန်တဖြည်းဖြည်း နီးကပ်လာချိန်တွင် ကမ္ဘာ့ဘောလုံးပရိသတ်ကြီးကလည်း မိမိတို့ကြိုက်နှစ်သက်သည့် ဘောလုံးအသင်းများ၏ နောက်ဆုံးအနေအထားကို မပြတ်တမ်း နားစွင့်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်း ၃၂ သင်းအနက်မှ အင်ဂိုလာအသင်း၏ ရပ်တည်မှုနှင့် လက်ရှိအနေအထားကို မြန်မာ့အလင်း ဘောလုံးပရိသတ်များ သိရန် Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို အခြေခံပြီး ဆက်လက် ကိုးကားဖော်ပြလိုက်ပါသည်။

အင်ဂိုလာအသင်း

အင်ဂိုလာအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများသို့ ယခုနှစ်မှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့သောအသင်း

အင်ဂိုလာ လက်ရွေးစင်ဘောလုံးအသင်း။
(ဓာတ်ပုံ–အင်တာနက်)

ဖြစ်သည်။ ယခုနှစ်မှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သော်လည်း စတင်ဝင်ရောက်ကစားသည့် နှစ်မှာပင် ခြေစစ်ပွဲအောင်ခဲ့ခြင်းဖြစ်သည်။ အင်ဂိုလာအသင်းသည် အာဖရိကဇုန် အုပ်စု(ဃ)တွင် ပထမရရှိပြီး ခြေစစ်ပွဲအောင်မြင်လာရာတွင် အာဖရိကဘောလုံး အင်အားကြီး နိုင်ဂျီးရီးယားအသင်းကို ခြေစစ်ပွဲ၌ ဖြုတ်ချခဲ့သည့် အသင်းဖြစ်သည်။

အသင်းကောင်းတစ်သင်း

သမင်နက်များဟု ခေါ်တွင်နေသည့် အင်ဂိုလာအသင်းသည် ၂၀၀၁ ခုနှစ် အာဖရိကလူငယ်ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့ပြီး ဖီဖာလူငယ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ အင်ဂိုလာအသင်းသည် အာဖရိက၌ တဖြည်းဖြည်း တိုးတက်လာသော ဘောလုံးအသင်းကောင်းတစ်သင်းလည်း ဖြစ်သည်။

အင်ဂိုလာနည်းပြ

အင်ဂိုလာအသင်းကို ကိုင်တွယ်မည့်သူမှာ လူးဝစ္စအိုလီဗီရာဂွန်ကာလ်ဗတ်စ်ဖြစ်ပြီး ၂၀၀၁ ခုနှစ် အာဖရိကလူငယ်ပြိုင်ပွဲတွင် အင်ဂိုလာအသင်းကို ဗိုလ်စွဲအောင်ဆောင်ကြဉ်းပေးနိုင်ခဲ့သူ တစ်ဦးဖြစ်သည်။ အာဖရိကဇုန် အုပ်စု (ဃ)တွင် အင်ဂိုလာကို ထိပ်ဆုံးမှ ခြေစစ်ပွဲအောင်မြင်ရန်ကြိုးပမ်းခဲ့ရာတွင် ဂွန်ကာလ်ဗတ်စ်၏ အရည်အချင်းကို ဖော်ပြနေသည်။

အသက် ၂၀အောက် အင်ဂိုလာအသင်းကို အခြေခံပြီး ဖွဲ့စည်းထားမှုကြောင့် လျင်မြန်မှု၊ သက်လုံ ကောင်းမှု၊ ဘောလုံးအထိန်းအသိမ်းများတွင် သွက်လက် မြန်ဆန်သော အင်ဂိုလာအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အောင်မြင်မှုအဆင့်တစ်ခုအထိ ရရှိစေရမည်ဟု နည်းပြ လူးဝစ္စအိုလီဗီရာဂွန်ကာလ်ဗတ်စ်က ပြောကြားထားသည်။

စောင့်ကြည့်ရမည့်ကစားသမား

လူငယ်များကို အခြေတည်ပြီး ဖွဲ့စည်းထားသော ကမ္ဘာ့ဖလားလူသစ်တန်း အင်ဂိုလာအသင်း၏ အဓိက ကစားသမားမှာ တိုက်စစ်မှူး ဖက်ဘရစ်အကွာမိုင်ရီကို ဖြစ်သည်။ အင်ဂိုလာအသင်းခေါင်းဆောင်လည်းဖြစ်ပြီး အင်ဂိုလာအသင်းကို ကမ္ဘာ့ဖလား ဝင်ခွင့်ရအောင် အဓိက စွမ်းဆောင် ကြိုးစားပေးခဲ့သူ တစ်ဦးလည်းဖြစ်သည်။

တစ်ပွဲလျှင်နှစ်ဂိုးနှုန်း

ဖက်ဘရစ်အကွာ မိုင်ရီကိုသည် လက်ရှိ ကာတာ စပေါ့တ်ကလပ်တွင် ကစားနေသူဖြစ်ပြီး အရပ်အမောင်းလည်းမြင့်မားကာ ဘောလုံးပွဲတစ်ပွဲလျှင် ပျမ်းမျှနှစ်ဂိုးနှုန်း

အင်ဂိုလာအသင်း တိုက်စစ်မှူး

၂၀၀၆ကမ္ဘာ့ဖလား ပြိုင်ပွဲဝင် အင်ဂိုလာ အသင်း မှ အားထားရသူ တိုက် စစ် မှူး ဖက် ဘ ရစ် အကွာမိုင်ရီကို။
(ဓာတ်ပုံ–အင်တာနက်)

သွင်းထားနိုင်သူလည်းဖြစ်သည်။ အင်ဂိုလာအသင်း ခြေစစ်ပွဲအောင်ရန် အဆုံးအဖြတ်ဖြစ်သည့် ရဝမ်ဒါနှင့်ပွဲတွင် အရေးပါသော အနိုင်ဂိုးများကို သွင်းပေးခဲ့သူမှာ ဖက်ဘရစ်အကွာမိုင်ရီကို ဖြစ်သည်။

ပွဲစဉ်များ

အင်ဂိုလာအသင်းသည် ကမ္ဘာ့ဖလားပွဲစဉ်များအဖြစ် ဇွန် ၁၁ ရက်တွင် ပေါ်တူဂီ၊ ဇွန် ၁၆ ရက်တွင် မက္ကဆီကို၊ ဇွန် ၂၁ ရက်တွင် အီရန်တို့နှင့် ကစားရမည်ဖြစ်ရာ ကမ္ဘာ့ဖလား အုပ်စု(ဃ)တွင် အုပ်စုမှ တက်ရန် ရေပန်းမစားလှသော်လည်း အင်ဂိုလာတို့သည် မထင်မှတ်သော ရလဒ်များကို ဖန်တီးပြနိုင်သည်ဖြစ်ရာ အင်ဂိုလာ၏ ခြေစွမ်းကို စောင့်ကြည့် အကဲခတ်ရပေတော့မည်။ ။

(မြန်မာ့အလင်း)

ချယ်လ်ဆီးက နယူးကာဆယ်ကိုရှုံးပြီး မန်ယူနှင့်အာဆင်နယ် ဂိုးပြတ်နိုင် ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်(၃၈) ပွဲပိတ်ယှဉ်ပြိုင်

လန်ဒန် မေ ၈

ပရီမီယာလိဂ် နောက်ဆုံးပွဲစဉ်(၃၈)ကို မေ ၇ ရက်က ကစားရာ ချယ်လ်ဆီးတို့ နယူးကာဆယ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးခဲ့သော်လည်း အာဆင်နယ်နှင့်မန်ယူအသင်းတို့က ၎င်းတို့၏နောက်ဆုံးပွဲစဉ်များကို သိက္ခာရှိစွာ ဂိုးပြတ်သွင်း အနိုင်ယူခဲ့ကြသည်။

ချယ်လ်ဆီးတို့ ချန်ပီယံဖြစ်ခဲ့ပြီးဖြစ်ရာ သာမန်အားထုတ်မှုဖြင့် ကစားခဲ့သဖြင့် ၇၃ မိနစ်တွင် နယူးကာဆယ်မှ ဘရင်လီ၏ သွင်းဂိုးကြောင့် တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။

အခြားပွဲ ရလဒ်များ

မန်ယူ	၄ – ၀	ချာလ်တန်
အာဆင်နယ်	၄ – ၂	ဝီဂမ်
အဲဗာတန်	၂ – ၂	ဝက်စ်ဘရွန်း
ပို့စ်မောက်	၁ – ၃	လီဗာပူး
အက်စ်တွန်ဗီလာ	၂ – ၁	ဆန်းဒါးလန်း
ဖူလ်ဟမ်	၁ – ၀	မစ်ဒယ်ဘရော့
ဝက်စ်ဟမ်း	၂ – ၁	တော့တင်ဟမ်
ဘလက်ဘန်း	၂ – ၀	မန်စီးတီး

(အင်တာနက်)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မေ ၆ ရက်က ကျင်းပသည့် ကမ္ဘာ့လက်ဝှေ့ ကောင်စီ မီနီမမ်ဝိတ်တန်း လက်ဝှေ့ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ထိုင်းနိုင်ငံမှ အီးဂဲကျိုဝါ (ယာ)နှင့် စိန်ခေါ်သူ ဖိလစ်ပိုင်မှ ရိုဒယ်မာယောတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

(၎င်းပြိုင်ပွဲတွင် ဒိုင်လူကြီးသုံးဦးလုံးက အီးဂဲကျိုဝါအား တညီတညွတ်တည်း အနိုင်ပေးခဲ့ကြသည်။)

(ဓာတ်ပုံ–အင်တာနက်)

ဆုဖလားနှင့် အတူ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် **အူဘာဖလား ကြက်တောင်ရိုက်ပြိုင်ပွဲတွင် နယ်သာလန်အသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရပြီး ဗိုလ်စွဲသွားသည့် တရုတ်ကြက်တောင်မယ် ကျန်နန်း**(ယာ) **နှင့် ကျီစင်ဖန်တို့အား ဆုဖလားနှင့်အတူ မေ ၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

မာရသွန်အပြေးမယ် ပန်းဝင်

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ကျင်းပသည့် (၂၃)ကြိမ်မြောက် ဗီယင်နာစီးတီး မာရသွန် အပြေးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ဂျပန်နိုင်ငံ မာရသွန်အပြေးမယ် တိုမိုမို ရီမိုတို ပန်းဝင်လာခဲ့စဉ်။

(ဓာတ်ပုံ–အင်တာနက်)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကမာကြည်ဥယျာဉ်အိမ်ရာ၊ ခြံအမှတ် S(8) နေ (သတိုးသီရိသုဓမ္မ ဗိုလ်မှူးအောင်၊ ရဲဘော်သုံးကျိပ်ဝင်–ဒေါ်တင်အေး)တို့၏မြေး၊ ဦးအောင်ဇော်ထွန်း(T.Z Architectural & Civil Engineering)–ဒေါ်လှသွေးရည်အောင်တို့၏သားကြီး

မောင်အောင်ရဲမင်း

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၃၊ နှင်းဆီဆောင်၊ သီရိမွန်ပလာဇာဝင်းနေ ဦးဝင်းရွှေ(ဝင်း လက်ဖက်စို/ခြောက်၊ အကြော်စုံရောင်းဝယ်ရေး၊ ဘုရင့်နောင်၊ ဝင်း စိုက်ပျိုးရေး)–ဒေါ်နုနုရီတို့၏ တစ်ဦးတည်းသောသမီး

မချောစုဝင်း

တို့သည် ၇–၅–၂၀၀၆ရက်၌ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ရဲမင်း–မချောစုဝင်း။

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၆ခုနှစ်၊ မေလ ၁၁ရက် (ကြာသပတေးနေ့)သည် ကဆုန်လပြည့်နေ့ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။ **မြန်မာနိုင်ငံတော် ဗဟိုဘဏ်။**

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပန်းတနော်မြို့နယ်၊ ချောင်းကလေး ကျေးရွာအုပ်စု၊တလပန်းကျေးရွာနေ ဦးဟန်ငြိမ်း၏သား မောင်နေထွန်း ၁၄/ပတန(နိုင်)၁၀၉၅၀၈သည် မိဘ၏ဆိုဆုံးမမှုကို မခံယူဘဲ အကြိမ်ကြိမ် ကိုယ်ထိလက်ရောက်စော်ကားခဲ့သောကြောင့် ယနေ့မှစ၍ အမွေ စားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။ **ဦးဟန်ငြိမ်း ၁၄/ပတန(နိုင်)၀၁၈၀၂၆။**

အမည်ပြောင်း

အဖ ဦးအောင်ကိုထွေး ၉/မရတ(နိုင်)၀၁၁၉၃၈၏သမီး အမက (၇) တာမွေ စတုတ္ထတန်း(A_3)မှ မညိမ်းယုထွေးအား မမေသက်နိုင်ဟုလည်းကောင်း၊ ဒုတိယတန်း(A)မှ မဖြူဖြူအောင်အား မမေသက်ခိုင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မေသက်နိုင်၊ မေသက်ခိုင်။**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၀၁၁ Loncin မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ အမည် ဦးငြိမ်းချမ်း ၉/မနမ(နိုင်)၁၀၉၈၈၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊မြောက်ပိုင်း)မန္တလေးမြို့။**

အောင်ဗောဓိ ဆုတောင်းပြည့်စေတီတော် ညောင်ရေသွန်းပွဲကျင်းပမည်

ရန်ကုန် မေ ၈

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် ၂၀ရပ်ကွက် အောင်ဗောဓိ ဆုတောင်းပြည့်စေတီတော်ဝင်းအတွင်းရှိ သီရိလင်္ကာနိုင်ငံမှ ဓမ္မလက်ဆောင်အဖြစ်ရရှိသော ဗောဓိညောင်ပင်အား မေ၁၁ရက်(ကဆုန်လပြည့်နေ့)တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဦးစန်းဝင်း–ဒေါ်ခင်လှ မိသားစု အမှတ် ၃၃၃ တနင်္သာရီလမ်း ၁၉ ရပ်ကွက် ဒဂုံတောင်မှ အရဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ပရိသတ်များ စည်ကားသိုက်မြိုက်စွာ ညောင်ရေသွန်းပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မြတံခွန်နှင့်အောင်သန်းဆုထီဆိုင် ဇေယျသုခဘုရားအတွက်ငွေလှူဒါန်း

ရန်ကုန် မေ ၈

မြတံခွန်နှင့်အောင်သန်းဆု ထီဆိုင်ကြီးက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာရွာရှိ ဇေယျသုခဘုရား အတွက် အလှူငွေလှူဒါန်းခြင်းနှင့် (၂၀၇)ကြိမ်မြောက် သိန်း၅၀၀ ကံထူးရှင်အား ဂုဏ်ပြုပွဲအခမ်းအနားကို မေ၅ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ဖခင်ဦးအောင်စိန်နှင့် မိခင်(ဒေါ်ခင်စန်း)တို့အား အမှူးထား၍ ဦးဖေဝင်း၊ ဦးသန်းဇော်တို့က ဇေယျသုခဘုရားအတွက် အလှူငွေကျပ် သိန်း၅၀ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၏ကထိက ပိဋကတ်တော်ဆိုင်ရာ မြန်မာစာဌာနမှ ဆရာတော် ဘဒ္ဒန္တဝေပုလ္လ ကိုယ်စား ရပ်ရှင်သရုပ်ဆောင် အကယ်ဒမီဦးကျော်ဟိန်းက လက်ခံကြောင်း သိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)









ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၁၊ နည်းဥပဒေ–၈)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁၉

စရီဆော်လိုက်ယမ္မာန်မယ်တော်ကြီးဘုရားကျောင်း(ဂေါပကအဖွဲ့) **နှင့်**
(၎င်း၏ကိုယ်စားလွှဲအပ်ခံရသူ–ဦးသန်းရွှေ(ခ)ဦးဂျိုနီဝါဆန်)
ဦးဘဟန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်
ရန်ကုန်မြို့။

၁။ ဦးရာဂျား(ခ)ဦးတင်မြင့်
၂။ မနောဂရား(ခ)ဦးတင်ဝင်း
၃။ ဦးမူနီရမ်းဒီး(ခ)ဦးအောင်ကျော်
၄။ ဦးဆန်ဂရား(ခ)ဦးလှငြိမ်း
၅။ ဦးမောင်မောင်မင်း
၆။ အပါလူး(ခ)ဦးဇော်ထိုက်
၇။ ဦးမန်းနီး(ခ)ဦးမန်းနီးမာရန်း
၈။ ဦးလော်ကာနာသန်း (ယာယီဂေါပကအဖွဲ့ငယ်များ) စရီဆော်လိုက်ယမ္မာန်မယ်တော်ကြီးဘုရားကျောင်း ဦးဘဟန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

(တရားလို) **(တရားပြိုင်များ)**

တရားလို စရီဆော်လိုက်ယမ္မာန်မယ်တော်ကြီးဘုရားကျောင်း (ဂေါပကအဖွဲ့)က တရားလိုပြုလုပ်၍ တရားပြိုင် ဦးရာဂျား(ခ)ဦးတင်မြင့်၊ မနောဂရား(ခ)ဦးတင်ဝင်း၊ ဦးမူနီရမ်းဒီး(ခ)ဦးအောင်ကျော်၊ ဦးဆန်ဂရား(ခ)ဦးလှငြိမ်း၊ ဦးမောင်မောင်မင်း၊ အပါလူး(ခ)ဦးဇော်ထိုက်၊ ဦးမန်းနီး(ခ)ဦးမန်းနီးမာရန်းနှင့် ဦးလော်ကာနာသန်း (ယာယီ ဂေါပကအဖွဲ့ငယ်များ)တို့အပေါ် ဘုရားကျောင်းပိုင်မြေနှင့်အဆောက်အအုံ၊ ဘုရားကျောင်းမှအကျိုးဖြစ်ထွန်းလာသော ငွေကြေးများ၊ ဘုရားကျောင်းနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်အားလုံးတို့ကို မူလတရားဝင်ဂေါပကအဖွဲ့လူကြီးများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်စေလိုမှုကို တရားစွဲဆိုထားပါသည်။

အဆိုပါအမှုတွင် တရားလိုအဖြစ်သော်လည်းကောင်း၊ တရားပြိုင်အဖြစ်သော်လည်းကောင်း ပါဝင်လိုသူများသည် ဤရုံးသို့ ၂၀၀၆ခုနှစ် မေ ၂၉ရက်(၁၃၆၈ ခုနှစ် နယုန်လဆန်း ၃ရက်) မွန်းမတည့်မီ နံနက် ၉:၃၀နာရီတွင် လာရောက်လျှောက်လွှာတင်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

၂၀၀၆ခုနှစ် ဧပြီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

ကံမြင့်ကျောင်းတိုက် အောင်စကြာအရှင်စန္ဒသိရီ တရားပွဲ

ရန်ကုန် မေ ၈

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌ ဓမ္မရောင်ခြည်၊ ဓမ္မဒါန လုပ်ငန်းနှင့် ကံမြင့်ဝေယျာဝစ္စအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော တရားပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သာကေတ အောင်စကြာ မိုးကုတ်ရိပ်သာမှ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့်ဓမ္မကထိက အရှင်စန္ဒသိရီ(ဓမ္မာစရိယ) အရှင်သူမြတ်က မေ၁၀ရက်မှ ၁၄ရက်အထိ သစ္စာလေးပါး တရားတော်များကို ညစဉ်၇နာရီတွင် ဟောကြားမည်ဖြစ်ရာ တရားနာယူနိုင်ကြကြောင်း သိရသည်။

(က–ပ)

မော်လမြိုင်ကျွန်း၌ အောင်စကြာစေတီ ရွှေထီးတော်တင်လှူပူဇော်

မော်လမြိုင်ကျွန်း ဧပြီ ၂၅

မော်လမြိုင်ကျွန်းမြို့နယ် မရဲ့အုန်းပင်စုကျေးရွာအုပ်စု မစိုးရိမ်ကျေးရွာတွင် အောင်စကြာစေတီတော် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို ဧပြီ၂၁ရက် နံနက်၉နာရီက စေတီတော်အရှေ့ဘက်မုခ် မျက်နှာစာ၌ ကျင်းပသည်။

ယင်းရွှေထီးတော်တင်လှူပူဇော်ပွဲသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဏ္ဍိမာရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစိန္တိတာလင်္ကာရနှင့် မြို့နယ်သံဃနာယကဆရာတော်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်၊ အတွင်းရေးမှူး ဦးမြင့်ခိုင်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ရွှေထီးတော်တင်လှူပူဇော်ရေး ကော်မတီဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ မရဲ့အုန်းပင်စု၊စီးပွားချောင်နှင့် ကျိုက်ပိကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများနှင့်အလှူရှင်များတက်ရောက်ကြည်ညိုပူဇော်ကြသည်။

ထို့နောက်စိန်ဖူးတော်နှင့်ထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်ပြီး အောင်စကြာစေတီတော်အား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြကာ အောင်စကြာစေတီတော်နှင့် အရံစေတီလေးဆူတို့တွင် စိန်ဖူးတော်နှင့်ထီးတော်ဘုံအဆင့်ဆင့်ကိုတင်လှူပူဇော်ကြသည်။ **(ဝဲပုံ) (၀၉၇)**

သနပ်ပင်မြို့နယ် အပိုင်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပထမအကြိမ် ရှင်အပါး ၁၀၀စုပေါင်းရှင်ပြုပွဲ အခမ်းအနားကို ဧပြီ၂၄ရက်ကအပိုင်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ အလှူမင်္ဂလာမဏ္ဍပ်တွင်ကျင်းပရာ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ မြို့နယ်သံဃနာယကကံကုန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒိမာထံ အပိုင်ကျေးရွာဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အလှူရှင်များတရားတော်နာယူကြစဉ်။ (၃၄၇)

ယင်းမာပင်မြို့နယ်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး၊ ငွေအများဆုံးထည့်ဝင်သူဂုဏ်ပြု

ယင်းမာပင် မေ ၃

ယင်းမာပင်မြို့နယ်ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၀၅–၂၀၀၆ ခု ဘဏ္ဍာရေး အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီက ယင်းမာပင်မြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြို့နယ်သမဝါယမ ဦးစီးဌာနအရာရှိတို့က အမှာစကား ပြောကြားကြသည်။

အတည်ပြု

ထို့နောက် အသင်း၏အမှုဆောင် အစီရင်ခံစာကို အမှုဆောင်အဖွဲ့ကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို တာဝန်ကျ စာရင်းစစ်အဖွဲ့ကလည်းကောင်း ဖတ်ကြားတင်သွင်းရာ အသင်းသားများက အစီရင်ခံစာများအပေါ် ဆွေးနွေးအတည်ပြုကြသည်။

ဆက်လက်၍ အစုငွေ အများဆုံး ထည့်ဝင်သူအသင်းသားများနှင့်ထူးချွန်စွာ တာဝန်ထမ်းဆောင်သူ အသင်းဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် အဖွဲ့ မေ၃ရက်က ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော မြို့မရေပေးရေးကန်များသို့ ရေပိုက်လိုင်းဆက်သွယ်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (၀၆၄)

မြင်းခြံမြို့၌ ဘွဲ့တံဆိပ်တော်ရဂုဏ်ပြုပူဇော်

မြင်းခြံ ဧပြီ ၅

မဟာသဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်ရ မြင်းခြံမြို့ မင်းကျောင်းတိုက် ဓမ္မပါလ အုတ်ကျောင်း ဆန္ဒတော်ပြည့် ဆရာတော် ဘဒ္ဒန္တနန္ဒိယ (ဒီဃဘာဏက) အား ဆရာတော်ကြီး၏ မွေးရပ်မြေဖြစ်သည့် မြင်းခြံခရိုင် ကျောက် ပန်းတောင်းမြို့နယ် ပုပ္ပားလှိုင်သာ ကျေးရွာမှ တပည့်ဒါယကာ၊ ဒါယိကာမများ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၉ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ခရိုင်အုပ်ချုပ်ရေးမှူးဦးလှမိုးကကျေးရွာ တပည့်ဒါယကာ၊ ဒါယိကာမများ လှူဒါန်းသော အလှူငွေကျပ် ၈၅၀၀၀၀ နှင့် နိုင်ငံတော်မှ ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ကို (မြင်းခြံ) ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(၄၀၂)**

ပျော်ဘွယ်မြို့နယ်စည်ပင်သာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် ပျိုးဥယျာဉ်သစ်တည်ဆောက်နေမှုကို ဧပြီ၂၀ရက်က တာဝန်ခံ အင်ဂျင်နီယာ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံနားဆင်စရာ

၁၀–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဠာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ပြင်ဦးလွင်မြို့မှ ဆေးဖက်ဝင်သစ်ခွစိုက်ပျိုးရေး)
၁၂:၀၀	ယဉ်ကျေးမှု အနုပညာ (ပွဲခါသြောင်ရေ–ဒေါ်စောမုံညင်း)
၁၂:၂၅	သူ့အတွေးနှင့် သူ့အရေး (လှချင်ရင်ပြုံးတတ်ရမယ်–ရှုပါသိမ်း)

ညနေပိုင်း

၁၇:၃၀	အစာနှင့် အာဟာရ (မလိုင်လုံးနှင့် မလိုင်ခဲ)
၁၇:၄၅	သူ့လက်သံ (အဆို၊အက၊အရေး၊အတီးဆုရ ရန်ကုန်တိုင်းမှဦးအောင်ဇော်ထွေး၏ စန္ဒရားလက်သံ)
၁၈:၄၀	စာအုပ်စာပေ လူ့မိတ်ဆွေ (၁) ဒို့အမျိုးသားတိုင်းပြည် (သခင်မြသန်း) (၂) အီးမေးလ်ပို့ခြင်း (ဒေါက်တာခင်မောင်ညို)
၁၉:၁၅	မေတ္တာလက်ဆောင်ရ တေးစီးရီး (ချိုကြည်သာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင် ပေးပို့သည့် ဂန္ဓဝင်သုံးဖော်–၁)

မိုးစပါး၊နွေစပါးနှင့် ခြံစည်းရိုးကြက်ဆူပင် လျာထားကေပြည့်မီရေး တိုက်ကြီး၌ ညှိနှိုင်း

တိုက်ကြီး မေ ၆

တိုက်ကြီးမြို့နယ်၏ ၂၀၀၆–၂၀၀၇ခုနှစ် မိုးစပါး၊နွေစပါးနှင့် ခြံစည်းရိုးကြက်ဆူပင် လျာထားကေပြည့်မီရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်ကျော်က လျာထားကေပြည့်မီကျော်လွန်စွာ စိုက်ပျိုးဆောင်ရွက်သွားနိုင်ရေးအတွက် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** အဆိုပါ ၂၀၀၆–၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး၁၂၄၄၅၉ကေနှင့်တစ်မိုးနှစ်သီးကေ ၈၀၀၀တိုးချဲ့၍ စုစုပေါင်း ၁၃၂၄၅၉ ကေ၊ နွေစပါးကေ၈၀၀၀၀နှင့် ခြံစည်းရိုးကြက်ဆူပင် ကေ၁၉၈၀၀ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပဲခူးတိုင်းအတွင်း မိုးစပါးကေ သိန်း၃၀ ပြည့်မီရေး မြေရိုင်းကေ ၂၉၀ ဒေသခံတောင်သူများဖော်ထုတ်

ဖြူး ဧပြီ ၃၀

ပဲခူးတိုင်းအတွင်းမိုးစပါးကေ သိန်း ၃၀ ပြည့်မီရေးစီမံချက်အရ တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေးသည် ဖြူးမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များနှင့်အတူ ဧပြီ ၂၆ ရက်က ဖြူးမြို့နယ် အမဲခေါင်ကျေးရွာအုပ်စုနှင့် သစ်ချောက်ခင်ကျေးရွာအုပ်စုများအတွင်း မြေရိုင်းကေ ၂၉၀ ကို ဒေသခံတောင်သူလယ်သမားများက ထွန်၊ ထယ်များဖြင့် ဖော်ထုတ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်

အဆိုပါ မြေရိုင်းကေ ၂၉၀ ကို ယခုနှစ်မိုးရာသီအမီ အပြီးဖော်ထုတ်၍ မိုးစပါးများစိုက်ပျိုးသွားကြရန် တောင်ငူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေးက ဒေသခံတောင်သူလယ်သမားများအား ပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(၂၈၄)**

အင်္ဂလိပ်စကားပြောသင်တန်းဖွင့်

စစ်ကိုင်း မေ ၅

စစ်ကိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အင်္ဂလိပ်စကားပြော သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက်က ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ရှင်းလင်း

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ခဲက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုင်းဆတ်ခရိုင်လုံးကျွတ် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

ရေရှည်တည်တံ့ရေးနှင့် ဒို့ကျေးရွာဂျာနယ်အကြောင်း သိကောင်းစရာဟောပြော

မိုင်းဆတ် မေ ၆

မိုင်းဆတ်ခရိုင်လုံးကျွတ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို မတ် ၁၄ရက် နံနက် ၉နာရီက မိုင်းဆတ်မြို့နယ် ကျဒယ်ကျေးရွာ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်မြင့်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းတင့်က ကျေးလက် စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းလှိုင်က လက်ခံရယူသည်။

အဆိုပါ ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို မိုင်းဆတ်ခရိုင်အတွင်းရှိ မိုင်းဆတ်မြို့၌ ၁၄၆တိုက်၊ မိုင်းတုံမြို့၌ ၈၁တိုက်၊ မိုင်းခုတ်မြို့၌ ၁၀၅တိုက်နှင့် ပုံပါကျင်မြို့၌ ၁၃တိုက် စုစုပေါင်း ၃၄၅တိုက်ကို ဖွင့်လှစ်ပေးနိုင် ခဲ့သဖြင့် ခရိုင်လုံးကျွတ် ဖွင့်လှစ်ပြီး ဖြစ်သည်။

အမှာစကားပြောကြား

ထို့နောက် မိုင်းဆတ်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ငွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ညွန့်က ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများကို လည်းကောင်း၊ လက်ထောက် ညွှန်ကြားရေးမှူးဦးစိုးစိုးကစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဒို့ကျေးရွာဂျာနယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ဆက်လက်၍ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အလုပ်အမှုဆောင် ဦးထွန်းထွန်းတို့က ဖွင့်လှစ်ပြီး ကျေးရွာ စာကြည့်တိုက်များအတွက် သုတ ရသစာအုပ်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးဝင်းတင့်နှင့် ဒုတိယဦးစီးမှူး ဒေါ်နန်းကြည်အေးတို့က လက်ခံရယူကြသည်။

(ခရိုင် ပြန်/ဆက်)

မိုးကြိုဂုန်လျှော် / ချဉ်ပေါင်လျှော်စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလ လယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင်သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့ လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ကျိုင်းတုံမြို့၌ အဘိုးအဘွားများအား သက်ကြီးပူဇော်

တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင် ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်း

ကျိုင်းတုံ မေ ၃၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတို့ စုပေါင်း၍ သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၇ ရက်မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လှူဒါန်း

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့ ဦးဆောင်၍ အဘိုးအဘွားများကို ကန်တော့ပြီး ကန်တော့ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် အဘိုးအဘွားများကို အာဟာရဖြင့် ကျွေးမွေး ဧည့်ခံပြီး တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူးနှင့်ဆရာဝန်များက အဘိုးအဘွားများအား ကျန်းမာရေးစမ်းသပ် စစ်ဆေးပေးကြသည်။**(ပြည်နယ် ပြန်/ဆက်)**

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးတင်ကို ဧပြီ ၁၈ရက်က မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးခြံအတွင်း ပျိုးထောင်စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးထွန်းထွန်းနိုင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကာမိုင်းမြစိမ်းရောင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်

ကာမိုင်း မေ ၅

ကချင်ပြည်နယ် ကာမိုင်းမြို့ မြစိမ်းရောင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်က လမ်းဖြစ်မြောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးလှမျိုးထွန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဆန်းအောင်တို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြစိမ်းရောင်ကျောက်ချောလမ်းသည် အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေရှိပြီး ကာမိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇၇၅၀၀၀ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၁၆)

မီးသတ်ပြ

ချင်းပြည်နယ် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ဦးဝမ္မသူးမောင်းလမ်း ကျောက်ချောခင်းမှုကို ဧပြီ ၁၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြိတ်မြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ပိုင်စက်ယန္တရားဖြင့် ဘုရားကိုင်ချောင်း တူးဖော်ခြင်းလုပ်ငန်းကို ဧပြီ ၃၀ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းရင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ဟုမ္မလင်း၌ ကြက်ခြေနီရှေးဦးသူနာပြုသင်တန်းဖွင့်

အသင်းလုပ်ငန်းစဉ်နှင့် နောက်ခံသမိုင်းကြောင်းများ ဆွေးနွေး

ဟုမ္မလင်း မေ ၉

ဟုမ္မလင်းမြို့နယ်ကွန်းတောင်းကျေးရွာအုပ်စု ကွန်းတောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဧပြီ ၁ရက် နံနက် ၁၀ နာရီက ကြက်ခြေနီ ရှေးဦးသူနာပြု အခြေခံသင်တန်းနှင့် အခြေခံ လက်နက်မဲ့ စစ်ရေးပြ သင်တန်း (၁/၂၀၀၆)ဖွင့်ပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးငွေးလွင်က အသင်း၏ လုပ်ငန်းစဉ်များ အကြောင်းကို လည်းကောင်း၊မြို့နယ်ကြက်ခြေနီအသင်းအတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစိန်မိုကကြက်ခြေနီအသင်း၏ နောက်ခံသမိုင်းကြောင်းများကိုလည်းကောင်းဟောပြော ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁)	Factory Manager	- ဘွဲ့ရ ကျား	၁ ဦး
(၂)	Assist: Factory Manager	- ဘွဲ့ရ ကျား	၁ ဦး
(၃)	Accountant B. Com, CPA	မ	၁ ဦး
(၄)	Electrical	ကျား	၂ ဦး

အမှတ်စဉ်(၄)အတွက် အသက်(၂၅-၃၅)နှစ်အတွင်း ဖြစ်ရမည်။ ကျန်အမှတ်စဉ်များအတွက် အသက်(၃၀-၅၀)နှစ်အတွင်း ဖြစ်ရမည်။ အမှတ်စဉ်အားလုံး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်- ရွေးပြည်သာ ဇုန်(၄)တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

အလုပ်လျှောက်ရန်- **Singing Birds Plastic Manufacturing Co.,Ltd.**
အမှတ်(၅၂-က) မြတောင်ဝန်ကြီးဦးမှိုလမ်း၊
စက်မှုဇုန်(၁) လှိုင်သာယာမြို့နယ်။
ဖုန်း ၀၁-၆၈၄၀၃၃၊ ၇၀၇၀၈၁။

ရန်ကုန်တက္ကသိုလ်
ဘွဲ့လွန်အသုံးချဘူမိဗေဒဒီပလိုမာ
Diploma in Applied Geology
သင်တန်းသားများ ခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ် ဘွဲ့လွန်အသုံးချဘူမိဗေဒဌာနတွင် ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ်အတွက် "ဘွဲ့လွန်အသုံးချ ဘူမိဗေဒဒီပလိုမာ"(Diploma in Applied Geology) တစ်နှစ်သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

(က) Economic & Mining Geology
(ခ) Exploration Geochemistry
(ဂ) Exploration Geophysics
(ဃ) Gemmology
(င) Hydrogeology
(စ) Engineering Geology
(ဆ) Petroleum Geology

၂။ အထက်ပါ အထူးပြုဘာသာရပ် သင်တန်းတစ်ခုခုတွင် တက်ရောက်ရန်အတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရပြီး မဟာသိပ္ပံ အရည်အချင်းစစ်သင်တန်းသို့ တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။
(ဂ) ဘူမိဗေဒဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ရ ဘူမိဗေဒဆိုင်ရာလုပ်ငန်းခွင်မှ ဝန်ထမ်းများသည်လည်း သက်ဆိုင်ရာလုပ်ငန်း၌ အမြဲတမ်းလုပ်သက်(၂)နှစ်ရှိပြီး ဌာနဆိုင်ရာ အကြီးအကဲ၏ တရားဝင်ခွင့်ပြုမိန့်ရရှိသူများ လျှောက်ထားနိုင်သည်။

၃။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၄-၅-၂၀၀၆ရက် နောက်ဆုံးထား၍ လျှောက်ထားရပါမည်။ ၎င်းနေ့ရက်မှ ကျော်လွန် လျှောက်ထားလာသော လျှောက်လွှာများအားလုံး၀ လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ လှိုင်တက္ကသိုလ်နယ်မြေတွင် စုံစမ်းနိုင်ပါသည်။

စန်းမြိုင်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်။

FAME ဆယ်ပင်အားဆေး
Completec®

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tenders)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ (US Dollar and Euro)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(**Sealed Tenders**)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T) 4/MR (C & W) 2006-2007	Wheel Steel Solid	1200-Nos
2.	9(T)1/MR (CRA) 2006-2007	Paper Cardboard for Printing Railways Ticket (Buff Colour)	50.M/Tons
	ချိပ်ပိတ်တင်ဒါပိတ်ရက်-	၈-၆-၂၀၀၆ ရက်(ကြာသပတေးနေ့)	၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၈-၅-၂၀၀၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၈၅၊ (၂၀၁၅၅၅ လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ ၊နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃၀

ဦးအောင်ကျော် အမှတ်-၂၅၇၊ဗိုလ်ဆွန်ပတ်လမ်း ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	၁။ ဦးလှထူး အမှတ်-၇၂၁၊ ကျော်သူ(၁၈) လမ်း၊(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။ ၂။ ဒေါ်ရီရီလွင် အမှတ်-၅၈၊ ၄၅ လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

၁။ ဦးလှထူး အမှတ်-၇၂၁၊ ကျော်သူ(၁၈)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ၂။ ဒေါ်ရီရီလွင်၊ အမှတ် ၅၈၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ် တရားလို ဦးအောင်ကျော်က တရားလိုပိုင် Corolla Van (ကက-၉၈၇၂)ကားကို (၁)တရားပြိုင်ဦးလှထူးအား ဘီနာမီဒါ (အမည်ငှား) အဖြစ်ထား၍ လိုင်စင်ပြုလုပ်စေခဲ့ခြင်းဖြစ်ကြောင်း မြွက်ဆိုပြီး၊ (၂)တရားပြိုင် လက်ဝယ်ရှိ Corolla Van(ကက-၉၈၇၂)ကားကို တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၆ ခုနှစ်၊မေလ ၂၂ရက်၊ (၁၃၆၈ခုနှစ်၊ကဆုန်လပြည့်ကျော် ၁၁ရက်နေ့) မွန်းမတည့်မီ ၁၀း၀၀နာရီ အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းဆိုချက်များကိုထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် မေလ ၄ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးမောင်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၁၃၂

ကွယ်လွန်သူ ဦးကျော်မောင်၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း

ဒေါ်သန်းရင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/မရက(နိုင်)၀၅၂၉၇၁၊ အမှတ် ၁၉၊ မြစပယ်လမ်း သံဃတက္ကသိုလ် ၃လမ်း၊ ရေကူး အမှတ်(၈)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဒေါ်သန်းရင် (၎င်း၏အခွင့်ရ ကိုယ်စားလှယ်စာရရှိသူ ဦးအောင်ဝင်း)က ကွယ်လွန်သူ ဦးကျော်မောင်၏ ဇနီးဖြစ်သည်ဟူ၍ မရမ်းကုန်းမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးကျော်မောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေစာအရလက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားချက် ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်မောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၆ခုနှစ် မေလ ၂၄ရက် (၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ရက်) နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်သန်းရင်၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့်/မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၆ခုနှစ် မေလ ၅ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးမောင်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

ကျေးဇူးဆပ်ပါမည်

၅-၅-၂၀၀၆ ရက် နံနက် ၉ နာရီအချိန်တွင် ၄၉ လမ်း(Lucky°-7) လက်ဖက်ရည်ဆိုင်ရှေ့တွင် အညိုရောင်လက်ပွေ့ပိုက်ဆံအိတ်တစ်လုံးနှင့်အတူ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိ၍ ပြန်လည်ပေးပို့သူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း- ၀၁-၂၀၀၆၂၁၊ ၂၉၅၁၂၁၊
၀၉-၅၁၁၆၀၇၈။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊မြကန်သာလမ်းသွယ်၊အိမ်အမှတ်(၂၅၃)နေ ဒေါ်ခင်သောင်းညွန့်၏သားဖြစ်သူ စိုင်းတေဇာအောင် ၁၃/တကန(နိုင်)၁၄၂၄၅၈သည် မိခင်ဆိုဆုံးမစကားကို အကြိမ်ကြိမ်မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါကြောင်း။

ဒေါ်ခင်သောင်းညွန့်
၁၃/ညရန(နိုင်)၀၁၃၈၉၄။

အသိပေးကြေညာချက်

ကျွန်တော် ဦးခင်မောင်မြင့် ၁၂/ရကန(နိုင်)၀၀၆၉၈၈ ပိုင်ဆိုင်သော ပြည်ကြီးတံခွန်မြို့နယ် ဦးခင်မောင်မြင့် အမည်ပေါက် မြေကွက်အမှတ်(လလ-၂၈/၂၆+၂၇) နှင့်ပတ်သက်သော မြေကွက်နေရာချထားခြင်း အကြောင်းကြားစာ(မူရင်း) ပျောက်ဆုံးခဲ့ပါသဖြင့်(မူရင်းခွဲ) အား ပြန်လည်လျှောက်ထားမည်ဖြစ်ပါကြောင်းနှင့် ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့်
၁၂/ရကန(နိုင်)၀၀၆၉၈၈။

ကြက်ငှက်တုပ်ကွေးရောဂါအသိပညာပေးဟောပြော

ရန်ကုန် မေ ၇

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို မေ ၃ ရက်က တာမွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာနေအောင် **(အပေါ်ပုံ)**နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်မိမိတင်တို့က ကြက်၊ ဘဲ မွေးသည်များအား ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(က-ပ)**

စစ်တွေမြို့နယ် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

စစ်တွေ မေ ၅

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးငွေထွန်း၊ စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်အေးထွန်းတို့သည် ဧပြီ ၂၆ရက်က စစ်တွေမြို့နယ် ပါဒလိပ်ကျေးရွာတွင် စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ရေးဦးစွာ ပါဒလိပ်ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်စိုးနှင့် စာကြည့်တိုက်မှူး ဦးမောင်ကျော်လင်းတို့က စာကြည့်တိုက်ဖွင့်လှစ်မှု၊ စာကြည့်တိုက်ရှိ စာအုပ်များတိုးတက်မှု၊ စာဖတ်ပရိသတ်နှင့် စာအုပ်ငှားရမ်းသည့် ပရိသတ်တိုးတက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ထို့နောက် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မှတ်ပုံတင်စာကြည့်တိုက်ဖြစ်ရေးတို့ကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်က နေ့စဉ်ထုတ် သတင်းစာများနှင့် ဒို့ကျေးရွာဂျာနယ်များကို ဖတ်ရှုရေး၊ စာကြည့်တိုက်မှ စာအုပ်များ ငှားရမ်းဖတ်ရှုရေးနှင့် အသင်းဝင်တိုးပွားရေးတို့ ဆောင်ရွက်ကြရန်လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ဦးမြို့ ရွှေစည်းခုံစေတီလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန်အတွက် ကျောက်ပန်းတောင်းမြို့ အမှတ်(၅)ရပ်ကွက်နေ ဦးစံမြင့် - ဒေါ်တင်စိန် (ညီမ) ဒေါ်စန်းရင်နှင့် တူ တူမ၊ မြေးများက ငွေကျပ် နှစ်သိန်းငါးသောင်းကို မေ ၄ ရက်က ဘုရားကြီး အလှူခံတန်ဆောင်း၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဘိုကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လှေ့လာစို့

နိုင်ငံအကျိုးစီးပွားအတွက် အကြံကောင်းဉာဏ်ကောင်းထုတ်၍ စေတနာထားလုပ်ဆောင် စံချိန်စံညွှန်းမီ သန့်စင်ပြီး ငွေစင်နှင့် ခဲစင်များထုတ်လုပ်ရေး အလေးထားဆောင်ရွက် စီမံကိန်းရည်မှန်းချက်များအောင်မြင်ရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း ဘော်တွင်းသတ္တုရိုင်း သန့်စင်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နေပြည်တော် မေ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် နံနက်ပိုင်းတွင် မန်တုံမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် မန်တုံမြို့ဈေး၏ ရောင်းဝယ်ဖောက်ကားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်အဖွဲ့ဝင်များသည် ထွက်ခွာလာကြပြီး လမ်းတစ်လျှောက်ရှိ ဒေသခံရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(မေ ၉ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

SNLD ပါတီသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်နွှယ်နေ တိုင်းရင်းသားအချင်းချင်း သွေးကွဲအောင်၊ မသင့်မတင့်ဖြစ်အောင် ဆောင်ရွက်နေ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင် အတ္တကြီးမားစွာလုပ်ကိုင်နေသည့် လွဲမှားသောလုပ်ရပ်များကြောင့် SNLD ပါတီဝင်အဖြစ်မှ စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)မှ ဦးစိုင်းငို့ကွမ်း(ဥက္ကဋ္ဌ၊ သီပေါ)၊ ဒေါ်နန်းလှပြည့်(အတွင်းရေးမှူး-၂၊ သီပေါ)၊ ဒေါ်နန်းခမ်းလီ(စည်းရုံးရေးမှူး၊ သီပေါ)၊ ဦးရွှေတိုး(အလုပ်အမှုဆောင်၊ သီပေါ)၊ ဒေါ်နန်းညွှန့်ညွှန့်(အလုပ်အမှုဆောင်၊ သီပေါ)၊ ဦးသိန်းထွန်း(အဖွဲ့ဝင်၊ သီပေါ)၊ ဒေါ်လှနု(အဖွဲ့ဝင်၊ သီပေါ)၊ ဦးစိုင်းဘငယ်(အဖွဲ့ဝင်၊ သီပေါ)၊ ဦးဆန်စိုင်း(အဖွဲ့ဝင်၊ သီပေါ)နှင့် ဦးစိုင်းဘသိန်း(အဖွဲ့ဝင်၊ သီပေါ)တို့ ၁၀ ဦးသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာများကို စုပေါင်းလက်မှတ်ရေးထိုးကာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်(SNLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ မေ ၇ ရက်တွင် နုတ်ထွက်လွှာများ ပေးပို့အကြောင်းကြားခဲ့သည်။

သီပေါမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံးသို့ ပေးပို့ခဲ့သော အဆိုပါ သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ပေးပို့ခဲ့သည့် စုပေါင်းနုတ်ထွက်လွှာတွင် ၎င်းတို့သည် သီပေါမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သို့ ၁၉၈၈ခုနှစ် နောက်ပိုင်းမှ စတင်ဝင်ရောက်ခဲ့ပြီး ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားနှင့် ၎င်းတို့၏နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုကူညီပံ့ပိုးသွားမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း SNLD အဖွဲ့ချုပ်၏ လက်ရှိလှုပ်ရှားနေမှုများမှာ

စာမျက်နှာ ၉ ကော်လံ ၁ ✡

အနောက်တောင်မုတ်သုံလေ မေလဒုတိယရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည် ရေဝတီနှင့် ချင်းတွင်းမြစ်ရေ ရေမှတ်များ မြင့်တက်လာနိုင်

ရန်ကုန် မေ ၈

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ မေလ ဒုတိယရက်သတ္တပတ်အတွင်း ဝင်ရောက်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေမည်ဖြစ်သည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ငါးရက်မှ ခုနစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့၌ သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

စာမျက်နှာ ၈ ကော်လံ ၂ ●